ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် စနေနေ့။ Saturday, 21 November 2026 ၁၂၆၉

ဒုတိယသမ္မတ ဦးညီစော ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့မှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၀

ဒုတိယသမ္မတ ဦးညီစောသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကိုကိုးကျွန်းမြို့ရှိ သာသနာ့မဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသနှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ဒုတိယသမ္မတ ဦးညီစော ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့မှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

မြို့ပြအလှအပနှင့် အများပြည်သူသုံးနေရာများ ထိန်းသိမ်းပြုပြင်ခြင်း

ဆောင်းပါး စာမျက်နှာ » ၁၄

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA၊ KNDF၊ PNLO၊ DSNDA နှင့် PDFအဖွဲ့များမှ အဖွဲ့ဝင် ၁၉ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ

စာမျက်နှာ » ၁၇

လွိုင်ကော်မြို့၌ ရေဂါလန် ၁ ဒသမ ၂၅ သန်းဆုံ ရေစစ်ကန်များတည်ဆောက်

လွိုင်ကော် နိုဝင်ဘာ ၂၀

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က လွိုင်ကော်မြို့ရေပေးဝေရေးလုပ်ငန်းများအတွက် ရေဂါလန် ၁ ဒသမ ၂၅ သန်းဆုံ Slow Sand Filter ရေစစ်ကန်များ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ✱



အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice–ICJ)က ၁၉-၁၁-၂၀၂၆ ရက်တွင် ချမှတ်ခဲ့သည့် စီရင်ချက်အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံသည် လူမျိုးသုဉ်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်(Genocide Convention)ပါ တာဝန်ဝတ္တရားများကို ချိုးဖောက်သည်ဟု စွပ်စွဲတင်သွင်းလာသည့်အမှုအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးက ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် စီရင်ချက်ချမှတ်ခဲ့သည်။

ယင်းသို့သော စွပ်စွဲချက်များသည် ကြီးလေးသောစွပ်စွဲမှု ဖြစ်သဖြင့် မြန်မာနိုင်ငံအစိုးရက အထူးအလေးထား၍ ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။ တရားရုံးတွင် အမှုစတင်တင်သွင်းသည့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစ၍ (ဂ)နှစ်တာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် တရားရင်ဆိုင်မှုတွင် ရိုးဖြောင့်စွာဖြင့် ပါဝင်ခဲ့ပြီး၊ တရားရုံး၏ကြားဖြတ်စီမံဆောင်ရွက်ချက် အစီရင်ခံစာတင်သွင်းရန် အဓိန့်နှင့်အညီ အစီရင်ခံစာ(၁၃)စောင် တင်သွင်းခဲ့သည်။

အမှု၏အဓိကအချက်ဖြစ်သော လူမျိုးသုဉ်းစေမှု ကျူးလွန်မှုရှိ/မရှိကိစ္စအပေါ် ထောက်ခံမဲ(၉)မဲ၊ ကန့်ကွက်မဲ(၆)မဲ၊ အများစုမဲအသာဖြင့်ဆုံးဖြတ်ခဲ့သည့် တရားရုံး၏စီရင်ချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် များစွာစိတ်ပျက်အားလျော့မိသည်။ တရားရုံးဒုတိယဥက္ကဋ္ဌနှင့် သက်တမ်းအရင့်ဆုံး တရားသူကြီးများပါဝင်သည့် တရားသူကြီး(၅)ဦး၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် နိုဝင်ဘာ ၂၀

အားကောင်းသော မုန်တိုင်းငယ်အခြေအနေ

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ဩရိသပြည်နယ်တောင်ပိုင်း ကမ်းခြေတို့ကို ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ကာ ဩရိသပြည်နယ်တောင်ပိုင်းကမ်းခြေသို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ရောဝတီတိုင်းဒေသကြီး မအူပင်(တောင်)ရေနံမြေ တွင်းအမှတ်(၁၅)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

ရောဝတီ တိုင်းဒေသကြီး မအူပင်(တောင်)ဒေသရှိ တွင်းအမှတ်(၁၅)တွင် အနက်ပေ ၅၉၀၀ ရှိသဲကြောမှသဘာဝဓာတ်ငွေ့အား စမ်းသပ်ထုတ်ယူခဲ့ရာ တစ်နေ့လျှင် နှစ်ကုဗပေသန်း တိုးတက်ထုတ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ တွင်းအမှတ်(၁၇)နှင့် (၁၉)တို့တွင်လည်း သဲကြောများ တိုးချဲ့ရှာဖွေပြီး ဓာတ်ငွေ့ထုတ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❍



တရားမအထွေထွေ လျှောက်ထားမှု(စာချုပ်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် စာချုပ်တော်အမိန့်၊ လျှောက်ထားမှုဆိုင်ရာ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မဂ်လာဒီပရုပ်ကွက် ချင်းတွင်းလမ်း ဧရယ္ဂာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမ အထွေထွေလျှောက်ထားမှု (စာချုပ်တော်) အမှုအမှတ် ၂၆၇/၂၀၁၉ (မန္တလေး)၊ ခုဘ၀/၂၀၁၉ (ဇရာဝတီ)၊ ၂၁/၂၀၂၀ (မွန်)၊ ၄၀/၂၀၂၀ (ပဲခူး) နှင့် ၅၁/၂၀၂၀(ကချင်) စုစုပေါင်း တရားမအထွေထွေ လျှောက်ထားမှု (စာချုပ်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အသက်(၁၀၀)ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ပဲခူး နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ အရာခံဗိုလ်ရဲညွှန့်(အငြိမ်းစား)အား ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် အသက်(၁၀၀)ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ထိုသို့ပေးအပ်ရာတွင် တာဝန်ရှိသူများက အသက် (၁၀၀)ပြည့် အရာခံဗိုလ်ရဲညွှန့်(အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြု ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂၀-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၃ ~ ၃၆၇၀	၅၅၇.၆ ~ ၅၅၈	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၆၆၅,၉၇၃.၉၅	၁၆,၂၂၇,၁၂၉.၅၀	၁၉,၈၃၃,၅၈၃.၈၃	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၀ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၂,၀၀၀	၂၁,၅၀၀	၉၁၂	၂၀,၀၅၈,၀၀၀
MTSH	၈,၆၀၀	၈,၇၀၀	၆,၃၂၀	၃၆,၇၂၅,၇၀၀
MCB	၁၃,၅၀၀	၁၃,၅၀၀	၆၁၇	၈,၃၂၉,၅၀၀
FPB	၇,၀၀၀	၇,၀၀၀	၁၄	၉၈,၀၀၀
TMH	၃,၅၅၀	၃,၅၅၀	၂	၇,၁၀၀
EFR	၁,၆၅၀	၁,၆၅၀	၃	၄,၉၅၀
AMATA	၄,၁၀၀	၄,၁၀၀	၁၉	၇၇,၄၀၀
MAEX	၆,၅၀၀	၆,၄၀၀	၃၄၄	၂,၂၂၉,၉၀၀
MADPL(PLB)	၆,၄၀၀	၆,၄၀၀	၃	၁၉,၂၀၀
ASPGB(PLB)	၅,၆၀၀	၅,၆၀၀	၁,၅၅၉	၈,၇၃၁,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

စာတည်းမှူးချုပ် – ဝင်းနိုင်
စာတည်းမှူး – အေဝမ်းစိုး
စာတည်းများ – စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်
ဘာသာပြန် – အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း – ခင်မိုမိုအောင်၊
သတင်းထောက်များ – ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာလွှေ၊ ခင်ယုဆွေ့၊
အငယ်တန်း – အောင်ကျော်ဦး၊ သန်းတင်အောင်
သတင်းထောက်များ – ခင်သက်မွန်၊ မြသီတာ
သုတေသန – ဇင်မာဝင့်
စာပြင် – ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းပုံနှင့် ဒီဇိုင်း – နီလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၇၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တိုင်းရင်းသားတန်းတူညီမျှအခွင့်အရေး ဒေသအခြေခံဖက်ဒရယ်ဖော်ဆောင်

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် လက်နက်ကိုင်ပဋိပက္ခများ အရှည်ကြာဆုံးနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် အစွန်းအထင်းကျန်နေဆဲဖြစ်သည်။ မငြိမ်းချမ်းသော အကျိုးရလဒ်များကြောင့် တိုင်းပြည်ထိခိုက်ပျက်စီးပြီး နစ်နာဆုံးရှုံးမှုများ မြောက်မြားစွာရှိသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်ကြရသလို ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းပြည်တိုးတက်မှုကို အဟန့်အတားများဖြစ်စေခဲ့သည်။ မငြိမ်းချမ်းသော အကျိုးဆက်ကြောင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် နောက်ကျကျန်လျက်ရှိသည်။

လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်လိုသည်။ နိုင်ငံရေးကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်း၍ရနိုင်မည်မဟုတ်ပေ။ နိုင်ငံတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်မာစွာဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ကိုယ်စားလှယ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် သဘောထားအမြင်များကို တင်ပြဆွေးနွေးနိုင်သည့် တရား၀င် နိုင်ငံရေးစင်မြင့် လည်းရှိနေပြီ။ ဒီမိုကရေစီစနစ်တွင် သဘောထားအမြင်များ ကွဲပြားမှုရှိမည်ဖြစ်သော်လည်း အပြုသဘောဆောင်သည့် ညှိနှိုင်းဆွေးနွေးမှုများဖြင့် အဖြေရှာကြရမည်ဖြစ်သည်။ လူများစုဆန္ဒကို လေးစားလိုက်နာရသကဲ့သို့ လူနည်းစုဆန္ဒကိုလည်း အလေးထားရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ သဘောတူညီချက်များရရှိရေးအတွက် တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း ၅၀၀၀ ကျော် ဆောင်ရွက်ခဲ့ရသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း ၁၆၀ ဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်သည့် ပဏာမသဘောတူညီချက် ၄၃ ချက်ရရှိခဲ့ပြီး ယင်းအချက်များကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရေးတင်ပြထားသည်။ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်မှာ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။

ဖက်ဒရယ်စနစ်တွင် အခြေခံအားဖြင့် ပေါင်းစည်းနေထိုင်ခြင်းနှင့် အာဏာခွဲဝေသုံးစွဲခြင်း အချက်နှစ်ချက်ပါဝင်သည်။ ပြည်ထောင်စုအတွင်း စုပေါင်းနေထိုင်ပြီး ဗဟိုအစိုးရက ဒေသအဆင့်အထိ အာဏာများကို ခွဲဝေကျင့်သုံးခြင်းသည် ဖက်ဒရယ်စနစ်တွင် မရှိမဖြစ်လိုအပ်သည့် အခြေခံသဘောတရားဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖက်ဒရယ်စနစ်ကိုကျင့်သုံးသည့် နိုင်ငံအများအပြားရှိသည်။ အဆိုပါနိုင်ငံများသည် ဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများတွင် ဖက်ဒရယ်ပြည်နယ်များကိုဖွဲ့စည်းရာ၌ များသောအားဖြင့် လူမျိုးတစ်မျိုးတည်းကို အခြေမခံဘဲ ဒေသအခြေခံသည့်စနစ်ကို ကျင့်သုံးကြသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသအလိုက် လူမျိုးပေါင်းစုံစုပေါင်းနေထိုင်ကြသဖြင့် လူမျိုးကို အခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကိုအခြေခံသည့်ဖက်ဒရယ်စနစ်ကို ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ကချင်၊ ရှမ်းနှင့် ဗမာတိုင်းရင်းသားများ အတူတကွနေထိုင်ကြပြီး ရှမ်းနှင့် ဗမာလူဦးရေသည် ကချင်ဦးရေထက်ပိုများနေသည်။ ရှမ်းပြည်နယ်တွင်လည်း ရှမ်း၊ ဝ၊ ပလောင်၊ ခနု၊ အင်းသားနှင့် ပအိုဝ်းအပါအဝင် တိုင်းရင်းသားလူမျိုးများစွာ အတူတကွစုပေါင်းနေထိုင်ကြသည်။ အလားတူ ကရင်ပြည်နယ်တွင်လည်း ကရင်၊ မွန်၊ ပအိုဝ်းနှင့်ဗမာတိုင်းရင်းသားများ၊ မွန်ပြည်နယ်တွင်လည်း မွန်၊ ကရင်၊ ပအိုဝ်းနှင့် ဗမာတိုင်းရင်းသားများ အတူတကွစုပေါင်းနေထိုင်ကြသည့်အတွက် ပြည်နယ်တစ်ခုအတွင်း လူမျိုးပေါင်းစုံ အတူတကွစုပေါင်းနေထိုင်လျက်ရှိသည့်အခြေအနေကို ထည့်သွင်းစဉ်းစားပြီး လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်သည် ပိုမိုလျော်ကန်သင့်မြတ်ပေသည်။

သို့ဖြစ်ရာ ဒေသအရေး၊ လူမျိုးအရေးကိုအကြောင်းပြု၍ နိုင်ငံရေးအမြင် သဘောထားများ ကွဲပြားခြားနားပြီး လက်နက်ကိုင်ပဋိပက္ခများရှည်ကြာလာမှုကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးသဘောထားအမြင်များကို အပြုသဘောဆောင်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည်ဖြစ်သည်။ အဓိကမှာ မိမိဒေသ၊ မိမိလူမျိုးအကျိုးစီးပွားကိုရှေးရှု၍ ဒေသတည်ငြိမ်အေးချမ်းအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်လာအောင် တိုင်းရင်းသားပြည်သူများအားလုံးလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် အတူတကွစုပေါင်းနေထိုင်ကြသည့် ညီအစ်ကိုမောင်နှမအချင်းချင်း အကျိုးစီးပွားထပ်တူရရှိင်သော ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်တည်ဆောက်ရေးကို ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

❂ ရှေ့ဖိုးမှ

ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကိုကိုးကျွန်းမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်း ကောင်း၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်နောက် ဒုတိယသမ္မတ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ၊ စိုက်ပျိုးရေးမျိုးစေ့များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ECG စက်နှင့် ဆေးဝါးပစ္စည်းများ၊ MRTV DTH set top box များ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတမိန့်ခွန်း၊ လမ်းညွှန်ချက်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အချက်များကို ရှင်းလင်းပြောကြားပြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပတ်သက်၍လည်း ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ကိုကိုးပင်အပါအဝင် အခြားနှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးသည့်သီးနှံအလိုက် အထွက်နှုန်းကောင်းမွန်ပြီး ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရန် ဆောင်ရွက်မှုအခြေအနေများ၊ ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် မွေးမြူရန်၊ “ဒေသတစ်ခု ထွက်ကုန် ထုတ်ကုန်တစ်ခု” ဆိုသည့်အတိုင်း အုန်းထွက်ပစ္စည်းများနှင့် ကိုကိုးပင်ထွက်ပစ္စည်းများကို စီးပွားဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည့် အခြေအခြေများ၊ ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသား ကျောင်းသူများအားလုံး အတန်းစဉ်ပြီးမြောက်သည်အထိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မှု၊ ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ကောင်းမွန်စွာရရှိရန် လိုအပ်မှုနှင့် သစ်တောသစ်ပင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးဆောင်ရွက်သွားရမည့် အခြေအနေများ၊ ဒေသခံပြည်သူများ သောက်သုံးရေ၊ ရေချိုနှင့် စိုက်ပျိုးရေရရှိရေးအတွက် ကိုကိုးကျွန်းရေလောင်တမံ(၂) တည်ဆောက်နေမှု အခြေအနေများ၊ အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားမည့်အခြေအနေများ။ ကိုကိုးကျွန်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်း ဆက်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ကျန်းမာရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် နယ်မြေခံတပ်များ အတူတကွဝိုင်းဝန်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေး အတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ကိုကိုးကျွန်းတပ်နယ် ကိုကိုးပင် စိုက်ခြံအမှတ်(၁)၌ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားသည့်အတိုင်း ကိုကိုးပင်များ တိုးချဲ့စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ ဒေသခံပြည်သူများ သောက်သုံးရေ၊ ရေချိုနှင့် စိုက်ပျိုးရေရရှိရေးအတွက် ကိုကိုးကျွန်း ရေလောင်တမံ(၂) တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ အပြည်ပြည်ဆိုင်ရာမှ

စုစုပေါင်း တရားသူကြီး(၆)ဦး၏ သဘောထားကွဲလွဲမှုအမြင်အရ တရားရုံးသည် ရေရှည်ကြာမြင့်စွာ ကျင့်သုံးလာခဲ့သည့် အစဉ်အလာ စီရင်ထုံးဖြစ်သော လူမျိုးသုဉ်းစေမှုကျူးလွန်သည်ဟု ဆုံးဖြတ်ရာတွင် ထားရှိရမြဲသက်သေအဆင့်အတန်းများမှ ဆွေဖည်ခဲ့သည်။ တရားသူကြီးအများအပြားကလည်း တရားရုံးသို့တင်ပြသည့် သက်သေအထောက်အထားများ၏ ခိုင်မာမှု၊ ယင်းသက်သေခံများအား လက်ခံခဲ့မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့ကြသည်။

စာမျက်နှာ စုစုပေါင်း (၁၈၆) မျက်နှာရှည်လျားသော တရားရုံး၏ ဆုံးဖြတ်ချက်သည် ရှုပ်ထွေးလှသည်။ ထို့အပြင် စာမျက်နှာ စုစုပေါင်း (၂၆၉)မျက်နှာအထိရှိသည့် တရားသူကြီးများ၏ စီရင်ချက်အပေါ် သီးခြားအမြင်များ၊ သဘောထားကွဲလွဲသည့်အမြင်များမှာလည်း (၁၇)ခုအထိရှိခဲ့ရာ တရားသူကြီးများအကြား သဘောထားအမြင်ကွဲပြားမှုများကို ထင်ဟပ်နေသည်။

Genocide Convention ပါ တာဝန်ဝတ္တရားများကိုချိုးဖောက်သည်ဟု စွပ်စွဲထားခြင်းသည် ကြီးလေးသောပြစ်မှုဖြစ်သည်။ တရားရုံးအမိန့်ကို သဘောထားအမြင်ကွဲလွဲမှုများ (Dissenting Opinion)ဖြင့် ချမှတ်ခဲ့ခြင်းဖြစ်၍ တညီတညွတ်တည်း အတည်ပြုဆောင်ရွက်ခဲ့ခြင်း(Unanimous) မဟုတ်ကြောင်း တွေ့ရှိရပါသည်။ တရားသူကြီးများ၏တူညီသောသဘောဆန္ဒများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ သက်သေပြရန်စံနှုန်းများ (Standard of Proof)ဖြစ်သော သံသယကင်းလွတ်သည်အထိသက်သေပြရန် (Beyond reasonable doubt) တာဝန်များသည် ယခုကဲ့သို့ လူမျိုးသုဉ်းသတ်ဖြတ်မှု(Genocide)ကို ဆုံးဖြတ်ရာတွင် အထူးအလေးအနက်ထား ဆောင်ရွက်ရမည့် အချက်များဖြစ်ပါသည်။ ရုံးတော်သို့တင်ပြထားသည့် FFM နှင့် NGOs တို့သည် တရားရုံးတင်စစ်ဆေးမှုများ၊ အထူးသဖြင့် ယခုကဲ့သို့ သက်သေပြရန်စံနှုန်းအမြင့်မားဆုံးကိစ္စများတွင် အသုံးပြုရန်သင့်လျော်သည့် အထောက်အထားများပြုစုရန်အတွက် ကျွမ်းကျင်မှု၊ အရင်းအမြစ်များနှင့် လုပ်ပိုင်ခွင့်သတ်မှတ်ပေးထားမှုမရှိပါ။ FFM နှင့် NGOs အစီရင်ခံစာများသည် တရားရုံးတွေ့မြင်နိုင်ခြင်းမရှိသည့် အခြားအချက်များကို တစ်ဆင့်ကြား ဖော်ပြရေးသားထားရုံမျှသာဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်များနှင့် ကိုးကားထားသော အစီရင်ခံစာများမှာ ပကတိအခြေအနေနှင့် ကင်းကွာနေပြီး မှားယွင်းစွာ စွပ်စွဲထားကြောင်း၊ ၂၀၁၆–၂၀၁၈ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပြုလုပ်ခဲ့သော အကြမ်းဖက်ရေးမူဝါဒ ရေးဆောင်ရွက်မှုများသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက် (Genocidal Intent) ဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့၏ ကျယ်ပြန့်သော အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်တုံ့ပြန်သည့် ရက်ပိုင်းမျှသာကြာမြင့်ပြီး ကန့်သတ်ထိန်းချုပ်၍ ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးများသာဖြစ်ကြောင်း၊ ARSA ၏ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ ဖျက်ဆီးမှု၊ သတ်ဖြတ်မှု၊ အကြမ်းဖက်မှုများကြောင့် မြို့၊ ရွာများ ပျက်စီးခဲ့ရပြီး ဒေသခံနေထိုင်သူများနှင့် ဘင်္ဂလီများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရခြင်းဖြစ်ကြောင်းတို့ကို ဥပဒေကြောင်းအရ ခိုင်မာသည့်အချက်အလက်များ၊ သက်သေအထောက်အထားမှတ်တမ်းများကို တိကျသေချာစွာပြုစုပြီး စာဖြင့်ရေးသား၍ လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း လျှောက်လဲတင်ပြခဲ့သည်။

ARSA ၏ နယ်စပ်လုံခြုံရေးစခန်းများကို တိုက်ခိုက်ရန်နှင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်တို့တွင် မတည်ငြိမ်မှုများဖြစ်ပွားစေရန်၊ ဖန်တီးရန်ကြံစည်ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များ၏တုံ့ပြန်မှုကိုရရှိပြီး နိုင်ငံတကာ အသိုက်အဝန်း၏ စိတ်ဝင်စားမှုရယူရန် ကြိုးပမ်းမှုများဖြစ်ကြောင်း ကိုလည်း တင်ပြခဲ့သည်။ လက်ရှိအချိန်ထိလည်း ARSA သည် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများတွင် အာဏာလွှမ်းမိုးမှုရှိနေသေးကြောင်း သက်သေပြခဲ့သည်။ ယင်းသို့သော မြေပြင်အခြေအနေများ တင်ပြခဲ့လင့်ကစား တရားရုံး၏ဆုံးဖြတ်ချက်သည် ယင်းအချက်များကို ထင်ဟပ်ခြင်းမရှိသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကို ပြည်တွင်းဥပဒေ၊ နိုင်ငံတကာကျင့်သုံးဆောင်ရွက်မှုများ၊ တည်ဆဲခန့်နိုင်ငံသဘောတူစာချုပ်များ၊ ဆောင်ရွက်ဆဲ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်ခဲ့ပြီး လက်ရှိတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၌ရောက်ရှိနေသော နေရပ်စွန့်ခွာသူများကို စိစစ်လက်ခံရေးနှင့် ဘေးကင်းလုံခြုံပြီး ၎င်းတို့၏ဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ရေးအတွက် ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးလုပ်ငန်းစဉ်တို့ကိုလည်း အခြေအနေပေးသည်နှင့်အမျှ မြန်မာပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံ့အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရခိုင်အရေးကိစ္စသည် ရှုပ်ထွေးသော သမိုင်းနောက်ခံအခြေအနေ၊ လူမျိုးရေးနှင့် ဘာသာရေးအခြေခံများရှိနေပြီး အထူးသဖြင့် ဤကိစ္စသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသက်သက်သာဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ လွတ်လပ်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလျက် မြန်မာနိုင်ငံရင်ဆိုင်နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျမြင်သင့်ပြီး အခြေအနေပိုမိုကောင်းမွန်စေရေးအတွက် အပြုသဘောဖြင့် ပူးပေါင်းပါဝင်သင့်ပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် စီရင်ချက်ကိုအချိန်မီယူ၍ အလေးထား လေ့လာသွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်



❖ အားကောင်းသောမှ

နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဩရိသပြည်နယ်ကို ဆက်လက်ဖြတ်ကျော်ကာ နောက်ခြောက်နာရီအတွင်း မုန်တိုင်းငယ်အဖြစ် သို့လည်းကောင်း၊ နောက် ၁၂ နာရီအတွင်း အားကောင်းသော လေဖိအားနည်းရုပ်ပန်းအဖြစ်သို့လည်းကောင်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ည နေမှ နိုဝင်ဘာ ၂၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ အပြားနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရွာတရက်ကျော်ကြောင်းခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ကြေကြေ။ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ

❍ ဧရာဝတီမှ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်မည့် သဘာဝဓာတ်ငွေ့များ တိုးဖြင့် ထုတ်လုပ်နိုင်ရေးအတွက် အလားအလာရှိသော ရေနံမြေများတွင် စူးစမ်းရှာဖွေခြင်း၊ ထုတ်ယူနိုင်မည့်ပမာဏကို တိုင်းတာစစ်ဆေးခြင်း၊ အတည်ပြုပြီးနေရာများတွင် တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ တွင်းဟောင်းများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် နည်းပညာ အသုံးပြု၍ သုတောသန့ပြုလုပ်ပြီး သဲကြောများ တိုးချဲ့ရှာဖွေထုတ်လုပ်ခြင်း၊ ပါးလွှာသောသဲကြောများမှ ထုတ်ယူခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးများအတွင်းရှိ ရေနံမြေများတွင် တွင်းသစ်တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို တိုးဖြင့်တောင်းခံထားသည့် စက်ရုံများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရေရှားမည်ဘေး ရှောင်ရှားဖို့
ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံး၊ သံရုံးယာယီတာဝန်ခံ / အကြီးတန်းသံမှူးအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံး၊ သံရုံးယာယီတာဝန်ခံ / အကြီးတန်းသံမှူး Mr. Aleh Holubeu အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံး၊ သံရုံးယာယီတာဝန်ခံ / အကြီးတန်းသံမှူး Mr. Aleh Holubeu က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေမှု၊ ကြားဖြတ်ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များဖြင့် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ နှစ်နိုင်ငံရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချီဂီ ပရာဘာရှိနီ ပွန်နမ်ပီရူမား အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရမည်းသင်းခရိုင်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



ရမည်းသင်း နိုဝင်ဘာ ၂၀

မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရမည်းသင်းခရိုင်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်းရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ဥပဒေအရာရှိက ကလေးသူငယ်ဥပဒေ အခွင့်အရေးများဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ အေးခိုင်(ပြန်/ဆက်)

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး

အဖိုးတန်ရေချို၊ တန်ဖိုးထားထိန်းသိမ်းကြစေလို

(၈) ကြိမ်မြောက် တရုတ်-အာဆီယံ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၀

တရုတ်ပြည်သူ့ သမ္မတနိုင်ငံချုံချင့်မြို့ရှိ China-ASEAN Legal Research Center ၏ ဖိတ်ကြားချက်အရ ယမန်နေ့က ကျင်းပသော (၈) ကြိမ်မြောက် တရုတ်-အာဆီယံဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ (China-ASEAN Legal Cooperation Forum) သို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲသို့ China Law Society ၏ လက်အောက်ရှိ Southwest University of Political Science and Law၊ China-ASEAN Legal Research Center မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ တရားဥပဒေဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်နိုင်ငံမှ ဥပဒေပညာရှင်များ၊ နိုင်ငံခြားပညာတော်သင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ချုံချင့်မြို့ HUALUXE Chongqing Science Hall ၌ကျင်းပရာ တရုတ်နိုင်ငံပြည်သူ့ပါတီ ဦးဆောင်မှုအဖွဲ့၏ အတွင်းရေးမှူးနှင့် China law Society ၏ အုပ်ချုပ်မှုဒုတိယဥက္ကဋ္ဌ Mr. Wang Hongxiang က အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးက တရုတ်-အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဥပဒေသုတေသန လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဥပဒေသုတေသနယူနစ်တစ်ခုကို ဖွဲ့စည်းထားကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် နှစ်နိုင်ငံအကြား လက်တွဲညီညီ အကောင်အထည်ဖော်လျက်ရှိပြီး အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် နိုင်ငံဖြတ်ကျော် မှုခင်းများကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ တိုက်ဖျက်လျက်ရှိကြောင်း၊ တရုတ် - အာဆီယံ သုတေသနစင်တာနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနတို့အကြား နှစ်ဖက်တွေ့ဆုံ ဆွေးနွေးမှုများဖြင့် ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်စွာ တည်ဆောက်ပြီး ဥပဒေရေးရာ ဆန်းစစ်မှု၊ ပြန်လည်သုံးသပ်မှု၊ လက်တွေ့ အကောင်အထည်ဖော်မှုများ၊ ပညာတော်သင်များ စေလွှတ်မှု၊ ဥပဒေရေးရာသင်တန်းများပို့ချမှုတို့ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် China Law Society မှ အုပ်ချုပ်မှု ဒုတိယဥက္ကဋ္ဌ Mr. Wang Hongxiang ဦးဆောင်သော အဖွဲ့နှင့် ယင်းနေ့ ညနေပိုင်းတွင် ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံပြီး တရုတ်-အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပညာတော်သင်များ စေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

မကွေးမြို့နယ်၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေး

မကွေး နိုဝင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အခွန်ဦးစီးဌာနမှခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေးခြင်းကို နိုဝင်ဘာ ၁၈ ရက်က မကွေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ကျင်းပရာ မကွေးမြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အိအိသန့်က မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေ၊ ရုံးခွန်အက်ဥပဒေ၊ ရုံးခွန်တံဆိပ်ခေါင်းရောင်းချခြင်း ဆိုင်ရာနည်းဥပဒေများ၊ လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများ လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ရာ မြို့နယ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများက ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

ကျေးလက်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာအဆင့် ဆင့်ပွားသင်တန်းများဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၀

နယ်ပယ်အသီးသီးတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ကျေးလက်ဒေသနေအမျိုးသမီးများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနသည် ကျေးလက်ဒေသနေ အမျိုးသမီးများအားလုံး၏ ဘဝဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသမီးများ ကျား၊မ အခြေပြု အကြမ်းဖက်မှုမှကင်းဝေးစေရေးအတွက် "ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်"ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၄၆ ရွာတွင် ကနဦးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဗဟိုအဆင့်သင်တန်းကို ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်းသိရသည်။



ယနေ့တွင် အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်း၍ သက်ဆိုင်ရာကျေးရွာများ၌ ရွေးချယ်ထားသော ဆယ်အိမ်စုစေတနှဝန်ထမ်းများအား ဆင့်ပွား သင်တန်းပေးသည့် ကျေးရွာအဆင့် သင်တန်းများကို ဗဟိုအဆင့် သင်တန်းဆင်း နည်းပြများက ဆက်လက်ပို့ချလျက်ရှိရာ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းတောင်ကျေးရွာ ချမ်းမြေသာယာဘုန်းတော်ကြီးကျောင်းနှင့် ဇမ္ဗူသီရိမြို့နယ်တဲကြီးကုန်းကျေးရွာ ခန်းမတို့၌ ဖွင့်လှစ်လျက်ရှိသည့် ကျေးလက်နေ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်စေရေး ကျေးရွာအဆင့် သင်တန်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သင်တန်းသူ စေတနာဝန်ထမ်းများအား စီမံချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကဏ္ဍ၊ ကူးစက်၊ မကူးစက်ရောဂါ ကာကွယ်ရေးကဏ္ဍတို့ကို အပြန်အလှန်လေ့ကျင့်ဆွေးနွေးကာ အာဟာရနှင့်မျိုးဆက်ပွား ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရရှိရေးကဏ္ဍနှင့် သက်ကြီးပုဂ္ဂိုလ်နှင့်အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများကိုပါ ထည့်သွင်းဆွေးနွေးသွားမည့် အခြေအနေများကို ပြောကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ စီမံချက်ပါ ကျေးရွာများတွင်လည်း အလားတူကျေးရွာအဆင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဖလမ်းမြို့တွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြုပြင်ပြီးစီးသည့် အဆောက်အအုံများ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

ဖလမ်း နိုဝင်ဘာ ၂၀

ဖလမ်းမြို့တွင် မြို့နယ်သာသနာရေးဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှု၊ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာန မှုးရုံး အဆောက်အအုံပြုပြင်ပြီးစီးမှုအခြေအနေနှင့် ဆိုလာမီးတပ်ဆင်ထားရှိမှု၊ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်းအိမ်ရာများပြုပြင်ပြီးစီးမှုနှင့် ဝန်ထမ်းမိသားစုများအခြေချနေထိုင်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။



ထို့မတစ်ဆင့် လမ်းဦးစီးဌာန ရပ်သာဟောင်းပြုပြင်ပြီးစီးမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှုနှင့် ရပ်သာအဟောင်းတွင် ယာယီရုံးဖွင့်လှစ်ကာ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး သုံးထပ်ဆောင် ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှုနှင့် ယင်းအဆောက်အအုံတွင် ခရိုင်နှင့်မြို့နယ်တရားရုံး ယာယီဖွင့်လှစ်ထားရှိမှု၊ လမ်းဦးစီးဌာနရပ်သာအသစ် ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌက လုပ်ငန်းဆောင် ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး က လိုအပ်ချက်များ ပေါ်ပေါက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

* လွှိုင်ကော်မှ

အဆိုပါလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်ကသွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစစ်ကန်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ရန်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့များက လုပ်ငန်းစဉ်အဆင့်ဆင့်ကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ အဆိုပါရေစစ်ကန်များ တည်ဆောက်ပြီးစီးပါက လွှိုင်ကော်မြို့နေ ပြည်သူများသို့ နေ့စဉ်ရေဂါလန် ၁၄ သိန်း ပိုမိုပေးဝေဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၂၆ ခုနှစ်၊ (၃၇)နှစ်မြောက် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ လွှိုင်ကော်မူလတန်းကြိုကျောင်း ရင်သွေးငယ်များက "မှန်ရွေရည်" သီချင်းဖြင့် ဖျော်ဖြေပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ (၃၇)နှစ်မြောက် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ ဗီဒီယိုကလစ်ကို ပြသပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ရင်သွေးငယ်လေးများက "လောကအားမာန်" သီချင်း၊ ရှမ်းစုကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ရင်သွေးငယ်လေးများက "ရှမ်းရိုးမက ဆိုးစည်သံ" သီချင်း၊ လွှိုင်ကော်မူလတန်းကြိုကျောင်း ရင်သွေးငယ်များက "ကောက်စိုက်ချိန်" သီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေခဲ့သည့် လွှိုင်ကော်မူလတန်းကြိုကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များအား လည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းစု ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းနှင့် လွှိုင်ကော်မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။ ပြည်နယ်(ပြန်/ဆက်)

ဗျာပုံမြို့၌ ဧရာဝတီပေါ်ဆန်း ၁၁ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြ

ဗျာပုံ နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ် ကျုံတာရုမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာရှိ တောင်သူဦးနေမျိုးဝင်း၏ လယ်ခုနစ်ဧကတွင် စိုက်ပျိုးထားရှိသော မိုးစပါးယိုင်လဲမှုလျော့ချရေး၊ မြေဩဇာနှုန်းထားစမ်းသပ်ကွက် ရိတ်သိမ်းခြင်းနှင့် ဧရာဝတီပေါ်ဆန်း ၁၁ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် အဆိုပါကျေးရွာ၌ ပြုလုပ်သည်။



သရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျုံတာရုမ်းကွင်းနှင့် သလိပ်ကြီးကျေးရွာအုပ်စုမှ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ဗျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပေါ်ဆန်းစပါး ၁၁ မျိုး၏ အရည်အသွေး လက္ခဏာများနှင့် ဒေသရေမြေနှင့်ကိုက်ညီသည့် ပေါ်ဆန်းဒေသကြားတောင်ပျံမျိုးကို ယိုင်လဲမှုအနည်းဆုံးနှင့် အထွက်နှုန်းအများဆုံးရရှိအောင် ထည့်သွင်းရမည့် မြေဩဇာနှုန်းထားနှင့် ထည့်သွင်းနည်း စနစ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တောင်သူဦးနေမျိုးဝင်း၏ လယ်ခုနစ်ဧကတွင် စိုက်ပျိုးထားရှိသော မိုးစပါးယိုင်လဲမှုလျော့ချရေး မြေဩဇာနှုန်းထားစမ်းသပ်ကွက် ရိတ်သိမ်းခြင်းဆောင်ရွက်ကြရာ တစ်ဧကပျမ်းမျှအထွက်နှုန်း အစို ၈၂ ဒသမ ၀၃ တင်း၊ အခြောက် ၇၃ ဒသမ ၁၆ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၌ တည်ဆဲအခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်၁၀ နာရီတွင် အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာမြောက်ဥက္ကလာပမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမိုးသူက အမှာစကား ပြောကြားပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်မြမြထွန်းက အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မေးမြန်းမှုအပေါ် မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



☆ ကျောဖုံးမှ

ပထမဆုံးအနေဖြင့် Presentation ပြုလုပ်သွားမည်ဖြစ်ပြီး မိမိအနေဖြင့် ပြည်ပခရီးစဉ်များမှ ပြန်လည်ရောက်ရှိချိန်တွင် ပြုလုပ်ရန်ဖြစ်သော်လည်း ပြည်တွင်းခရီးစဉ်များ၊ အစည်းအဝေးများနှင့် အခမ်းအနားများရှိနေသည့်အတွက် အချိန်အနည်းငယ်ကြန့်ကြာသွားခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော် အဆိုပါခရီးစဉ်များနှင့်ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းပြောကြားလိုခြင်းနှင့် နိုင်ငံတော်သမ္မတကြီး၏ မူဝါဒများ၊ လမ်းညွှန်ချက်များကို တင်ပြလိုခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးနောက် ၂၂၄ ရက်ကာလအတွင်း ချမှတ်ခဲ့သည့် မူဝါဒများနှင့် လမ်းညွှန်ချက်များအားလုံးကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း။

ယနေ့အစီအစဉ်တွင် နိုင်ငံတော်သမ္မတ၏ မူဝါဒ၊ ဦးစားပေးလုပ်ငန်းစဉ်၊ ပြည်ပခရီးစဉ် ကိုးခုအနက် အိန္ဒိယနှင့် တရုတ်ခရီးစဉ်များကို ရှင်းလင်းပြီးဖြစ်၍ ကျန်ရှိသည့်ခရီးစဉ် ခုနစ်ခုနှင့် အသိပေးလိုသည့်အချက်အလက်အချို့ကို အချိန်ပေါ်မူတည်၍ တင်ပြသွားမည့်အပြင် မီဒီယာများ၏ မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကြီး သုံးခုဖြစ်သည့် ဇူလိုင် ၁၀ ရက်နှင့် ၁၂ ရက်တို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်း၊ ရက်(၁၀၀)ပြည့် မိန့်ခွန်းနှင့် ယခုရက်ပိုင်းအတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများအပြင် ကက်ဘိနက်အစည်းအဝေးများ၊ အခြားအခမ်းအနားများတွင်ပြောကြားခဲ့သည့် မိန့်ခွန်းများနှင့် သဝဏ်လွှာများအားလုံးကို ပေါင်းစပ်၍ မူဝါဒများထုတ်ပြန်ထားခြင်း ဖြစ်ကြောင်း၊ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ထပ်လောင်း၍ အခိုင်အမာအတည်ပြုပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကိုလည်း မိန့်ခွန်းတိုင်းတွင် ထည့်သွင်းကာ အမျိုးသားရေးဦးတည်ချက် အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အစိုးရသက်တမ်းကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး NCA လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းကာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ငြိမ်းချမ်းရေးမူဝါဒအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် လူမှုရေးအချက်များအားလုံးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည့်အတွက် ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ရထားတွဲများ အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းများပြင်ဆင်ခြင်းတို့ကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပမှ ရထားတွဲများ မှာယူရသဖြင့် ကုန်ကျစရိတ်များပြားသည့်အတွက် ပြည်တွင်း၌ ရထားတွဲများ ထုတ်လုပ်နိုင်ရန် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ဦးစားပေး ထုတ်လုပ်ဆောင်ရွက်ရန် မူဝါဒချမှတ်ထားပြီး ဆက်သွယ်ရေးကဏ္ဍတွင် 5G စနစ်ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ စမ်းသပ်နေကာ အဆင်ပြေပါက တစ်နိုင်ငံလုံးသို့ ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီးက ပြီးခဲ့သည့် မိန့်ခွန်းတွင် မူဝါဒများ၊ မျှော်မှန်းချက်ပန်းတိုင်များနှင့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စားရေရိက္ခာဖူလုံရေး ခေါင်းစဉ်အောက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်ကာ ကုန်သွယ်မှုလိုင်ငွေလျှော့ချနိုင်ရေးနှင့် သွင်းကုန်အစားထိုးရေးတို့ကို နည်းလမ်းပေါင်းစုံဖြင့် မြေပြင်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများကို အားပေးသည့်အနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ ပြည်တွင်းခရီးစဉ်များအားလုံးတွင် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာကာ အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသထွက် ကုန်ကြမ်းများကို ကုန်ကြမ်းအဖြစ်သာ တင်ပို့နေရသဖြင့် ဝင်ငွေလျော့နည်းနေရပြီး ပြည်တွင်း၌ တန်ဖိုးမြှင့်ကုန်ချောများပြုလုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေးသည်လည်း မူဝါဒတစ်ခုဖြစ်ကြောင်း။

ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ဦးဆောင် ဆောင်ရွက်လျက်ရှိပြီး ပြည်ပခရီးစဉ် ကိုးခုအနက် ခုနစ်ခုတွင် စီးပွားရေးဖိုရမ်များ ပြုလုပ်ခဲ့ကာ ရင်းနှီးမြှုပ်နှံမှု Investor များကို ဖိတ်ခေါ်ခြင်းနှင့် ကတိကဝတ်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုများအတွက် အဆင်ပြေချောမွေ့လွယ်ကူစေမည့် Environment ဖြစ်စေရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းခြင်းများ၊ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ဆွေးနွေးမှုများ များစွာပြုလုပ်လျက်ရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒအနေဖြင့် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်စေရန်နှင့် အမြတ်နည်းနည်းဖြင့် အရေအတွက်များများ ထုတ်လုပ်ရန် လမ်းညွှန်ချက်များ ပေးအပ်ထားကြောင်း။

စိုက်ပျိုးရေးနှင့် သီးနှံတိုးချဲ့ရေးကဏ္ဍတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်ပြီး ၎င်းတို့အနက် ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍများတွင် အလုပ်လုပ်ကိုင်နေကြရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ယင်းကဏ္ဍများကိုသာ အခြေခံရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကဖြစ်သော မျိုးမြေရေနှင့်နည်းလမ်းလေးခု တိုးတက်ကောင်းမွန်စေရန်နှင့် မိုးစပါး ၈၀ ၁၃ သန်းကျော် စိုက်ပျိုးနိုင်သော်လည်း နွေစပါး နှစ်သန်းကျော်သာ စိုက်ပျိုးနိုင်သည့်အတွက် ရေရရှိရန် မြစ်ရေတင်စီမံကိန်းများကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ကာ နွေစပါး တိုးချဲ့ထုတ်လုပ်ရန် လမ်းညွှန်ထားကြောင်း။

ပြီးခဲ့သည့်လက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် အခမ်းအနား၌ မြန်မာ့ပေါ်ဆန်းဆန်းသည် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရရှိခဲ့ပါကြောင်း၊ ယခုအကြိမ်သည် ၃၀သာ ခုနစ်တွင်ဖြစ်ပါကြောင်း၊ ပေါ်ဆန်းဟုပြောလိုက်လျှင် မြန်မာနိုင်ငံက ကမ္ဘာ့အကောင်းဆုံးဆန်ဆိုသည့် Brand အရည်အသွေးကို ထိန်းထားရန် လိုအပ်ကြောင်း၊ အခြားဆန်များသည် တစ်တန်လျှင် ဒေါ်လာ ၃၅၀ ခန့်သာ ရရှိချိန်တွင် ပေါ်ဆန်းဆန်မှာ ဒေါ်လာ ၇၀၀ ခန့် နှစ်ဆရရှိသဖြင့် ဈေးကောင်းရသည်ဆိုပြီး Quality Control မလုပ်ပါက အရည်အသွေးကျဆင်းသွားမည်ဖြစ်သည့်အတွက် Quality Control ပြုလုပ်ရန် မူဝါဒချမှတ်ထားပါကြောင်း၊ ရော်ဘာ၊ ဝါး၊ ဝါနှင့် ကော်ဖီတို့ကိုလည်း တိုးချဲ့စိုက်ပျိုးရန် မူဝါဒချမှတ်ထားပါကြောင်း။

သီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီပါက ပြည်တွင်းဖူလုံသည့်အပြင် ပြည်ပသို့မီပါတင်ပို့ရောင်းချနိုင်မည်ဖြစ်သော်လည်း လက်ရှိတွင် ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို ပြည်ပမှ တင်သွင်းနေရဆဲဖြစ်ရာ စာရင်းဇယားမှန်ကန်ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးတို့ကို မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ထားကြောင်း၊ နောက်တစ်ခုမှာ စိုက်ပျိုးရေးနှင့် သီးနှံတိုးချဲ့ရေးအနေဖြင့် Smart Agriculture စိုက်ပျိုးရေးကို အခြေခံသည့် Industry လမ်းကြောင်းကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

မြေယာအသုံးချမှုကဏ္ဍတွင် စိုက်ပျိုးမွေးမြူရေးအတွက် ပေးအပ်ထားသည့် မြေယာများကို ရည်ရွယ်ချက်အတိုင်း အကောင်အထည်မဖော်ဘဲ အခြားနည်းလမ်းဖြင့် သုံးစွဲခြင်း သို့မဟုတ် ရောင်းချခြင်းများ တွေ့ရှိပါက ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း။

ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာ၊ ပဲပုပ်နှင့် မြေပဲတို့ တိုးချဲ့စိုက်ပျိုးရန် မကွေးတိုင်း ဒေသကြီးအပါအဝင် အခြားဒေသများ၌ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး နည်းလမ်းနှင့် မျိုးကောင်းမျိုးသန့်များဆိုင်ရာ Outcome များ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးသည့် နိုင်ငံဖြစ်သော်လည်း လစဉ်ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျခံ၍ ပြည်ပမှ စားသုံးဆီအတွက် စားအုန်းဆီများ တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆီအုန်းများကို အောင်အောင်မြင်မြင်စိုက်ပျိုးပြီး ခေတ်မီဆီစက်များဖြင့် ဆီကြိတ်မှဆီချောအထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းရသည့် နိုင်ငံခြားငွေကုန်ကျစရိတ်များ လျော့ချနိုင်ကာ ပြည်သူများအတွက် အခြားအကျိုးရှိမည့် ကဏ္ဍများ၌ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ စားသုံးဆီ၊ ဂျုံ၊ ချည်ထည်များသည် ပြည်တွင်း၌ ထွက်ရှိသော်လည်း ကုန်ချောဖြစ်အောင် မပြုလုပ်နိုင်ဘဲ ပြည်ပမှ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေ Trade Balance မမျှတခြင်းဖြစ်ကြောင်း။

မွေးမြူရေး၊ ကုန်ဈေးနှုန်း၊ အခွန်နှင့်ပတ်သက်၍ လည်း မူဝါဒချမှတ်ထားပါကြောင်း၊ မွေးမြူရေးကဏ္ဍတွင် ကြက်ဥနှင့်ကြက်သားကို လူဦးရေနှင့် စားသုံးမှုပမာဏအပေါ် အခြေခံတွက်ချက် တိုးချဲ့မွေးမြူရမည်ဖြစ်ကြောင်း၊ သားငါးကဏ္ဍတွင် ငါး၊ ပုစွန်ရေထွက်ပစ္စည်း သဘာဝမှဖမ်းဆီးရယူမှုမှာ ၇၀ ရာခိုင်နှုန်းရှိပြီး မွေးမြူမှုမှာ ၃၀ ရာခိုင်နှုန်းသာရှိသဖြင့် ဗီယက်နမ်နိုင်ငံကဲ့သို့ မွေးမြူရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံသည် ယခင်က CLMV လေးနိုင်ငံအတွင်း အတူတကွပါဝင်ခဲ့သော်လည်း ယခုအခါ ဖွံ့ဖြိုးမှုအဆင့်အတန်းများစွာ ကွာခြားသွားပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင် တွေ့ရှိရသည့် အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP)မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ကျော်၊ ၅၀၀ နီးပါး အထိ ရှိနေချိန်တွင် မိမိတို့နိုင်ငံ၏ GDP မှာ ဘီလီယံ ၈၀ ကျော်သာ ရှိသေးကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ အနေဖြင့် သားငါးမွေးမြူရေးကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် တိရစ္ဆာန်မွေးမြူရေးအတွက် လိုအပ်သည့်အစာများ မိမိတို့နိုင်ငံတွင် အလုံအလောက်ရှိပြီးဖြစ်ကြောင်း။

စက်သုံးဆီနှင့် ဓာတ်မြေဩဇာ ဈေးနှုန်းကြီးမြင့်မှုများကြောင့် အစိုးရအနေဖြင့် တတ်နိုင်သမျှ အခွန်လျှော့ကောက်ခြင်း၊ ဓာတ်မြေဩဇာအတွက် အခွန်သက်သာခွင့်ပေးခြင်းနှင့် ဗဟိုဘဏ်သတ်မှတ်ဈေးနှုန်းများဖြင့် ထိန်းညှိပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ လက်ရှိ Tax Rate ကို တိုးမြှင့်မည်မဟုတ်ဘဲ အခွန်ရရှိနိုင်သည့် နယ်ပယ်ကိုသာ ချဲ့ထွင်သွားမည်ဖြစ်ပြီး နယ်စပ်ဒေသများရှိ တရားမဝင် ကုန်သွယ်မှုများကိုလည်း ဆက်လက်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင် လူ့အသက်ထက် အရေးကြီးသည့်အရာ ဘာမျှမရှိခြင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဖြစ်ခြင်းနှင့် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ခြင်း ဟူသည့် မူဝါဒ(၃)ရပ် ချမှတ်ထားပါကြောင်း၊ DCS ပြုလုပ်သွားသည့် ဝန်ထမ်းအရေအတွက် များပြားခဲ့သဖြင့် ချက်ချင်းပြန်လည်ဖြည့်ဆည်းရန် ခက်ခဲသော်လည်း ဆေးတက္ကသိုလ်များမှ ခြောက်နှစ်၊ ခုနစ်နှစ်ခန့် အချိန်ယူ မွေးထုတ်ပေးလျက်ရှိရာ မောင်မယ်သစ်လွင် ဆရာဝန် ၂၅၀၀ ကျော်နှင့် သူနာပြု ၂၆၀၀ ကျော် ခန့်အပ်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အထူးကုဆရာဝန်ကြီးများ အနေဖြင့် ချက်ချင်းဖြစ်မလာနိုင်ဘဲ အချိန်ယူပြုစုပျိုးထောင်ရမည့် အခြေအနေရှိကြောင်း။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အခမ်းအနားများ၊ အစိုးရအဖွဲ့အစည်းအဝေးများနှင့် နိုင်ငံတော်အခြေပြ မိန့်ခွန်းများအားလုံးတွင် ပညာရေးကို အလေးပေးပြောကြားလေ့ရှိကြောင်း၊ ယခင်က မူလတန်းမသင်မနေရ ပညာရေးစနစ်ကျင့်သုံးခဲ့ရာမှ ယခုအခါ အလယ်တန်းအဆင့် (KG+9) မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အလယ်တန်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆိုင်ရာ ပညာရပ်များ သင်ကြားနိုင်ရန် Polytechnic School များ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေသကဲ့သို့ စက်မှု၊စိုက်ပျိုးရေး အထက်တန်းကျောင်းများအပြင် အလယ်တန်းအဆင့်များ၌ စာမေးပွဲဖြေဆိုရန် မလိုသော်လည်း အသိပညာဗဟုသုတအဖြစ် သင်ကြားပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူငယ်များ၏ စည်းကမ်း၊ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် သင်ရိုးညွှန်းတမ်းများနှင့် သင်ခန်းစာပို့ချမှုများတွင် ထည့်သွင်းသင်ကြားနိုင်ရန် ဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း။

စံကိုက်ကျောင်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ၅၀၀၀၀ကျော် ရှိသည့်အနက် ၁၀ ရာခိုင်နှုန်းခန့်သာ စံကိုက်ကျောင်းများဖြစ်ပါကြောင်း၊ စံကိုက်ကျောင်း သတ်မှတ်ချက်အရ ကျောင်း၀င်းအကျယ်အ၀န်းမှာ မူလတန်းကျောင်းဖြစ်ပါက သုံးဧကခွ၊ အလယ်တန်းကျောင်းဖြစ်ပါက ငါးဧကနှင့် အထက်တန်းကျောင်းဖြစ်ပါက ခုနစ်ဧကရှိရမည်ဖြစ်သကဲ့သို့ အခြားရှိသင့်ရှိထိုက်သည့် စံနှုန်းသတ်မှတ်ချက်စာရင်းများလည်း ရှိပြီးဖြစ်ကြောင်း၊ ကျောင်းအားလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အဆင့်မြှင့်တင်ရန် မဖြစ်နိုင် သေးသော်လည်း အရေးကြီးသည့် အဆင့်များကို တစ်ဆင့်ချင်းစီ အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ယင်းမှာ မိမိတို့၏ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း။

ထို့နောက် နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်း၍ လွတ်လပ်ပြီးတက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ဆက်လက် လျှောက်လှမ်းသွားမည်ဟု ထပ်လောင်းအတည်ပြုပြောကြားလိုက်ကြောင်း၊ ယနေ့အထိလည်း အဆိုပါ မူဝါဒမှ သွေဖည်ခဲ့ခြင်း မရှိသကဲ့သို့ နောင်တွင်လည်း ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ အားလုံးနှင့် ခင်မင်ရင်းနှီးပြီး မိတ်ဝတ်မပျက်သော ဆက်ဆံရေးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံသွားမည်ဖြစ်ကြောင်း။

အားကစားနှင့် ယဉ်ကျေးမှုကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်တိုင်းတွင် အားကစားရုံများ၊ အားကစားကွင်းများသာမက တက္ကသိုလ်များရှိ အားကစားရုံများ၊ အားကစားကွင်းများနှင့် အပန်းဖြေစင်တာ (Recreation Center) များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ရန် လိုအပ်သည်များ၊ ပြုပြင်ရန်လိုအပ်သည်များနှင့် အသစ်ထပ်မံဖြည့်ဆည်းရန် လိုအပ်သည်များ အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် အနုပညာကဏ္ဍနှင့်ပတ်သက်၍ ဇာတ်ရုံများနှင့် ရုပ်ရှင်ရုံများကို ပြုပြင်မွမ်းမံလျက်ရှိသကဲ့သို့ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အနုပညာဗဟိုဌာန (Art Center) နှစ်ခုကိုလည်း ပြီးစီးအောင်တည်ဆောက်၍ အနုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးအဆင့်မြှင့်တင်လျက်ရှိကြောင်း၊ အားကစားနှင့်ပတ်သက်၍ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးလျက်ရှိကြောင်း။ **စာမျက်နှာ ၇ သို့ ☆**

☆ စာမျက်နှာ ၆ မှ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတွင် မိုးရာသီကာလတစ်လျှောက် လုံး၌ နိုင်ငံတော်အဆင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို (၃) ကြိမ်၊ (၄)ကြိမ်ခန့် ကျင်းပဆောင်ရွက်သကဲ့သို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မိမိတို့နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုမှာ ၄၀ ရာခိုင်နှုန်းကျော်သာ ရှိသေးသဖြင့် ၅၀ ရာခိုင်နှုန်းအထိ ဖုံးလွှမ်းနိုင်စေရန် ရည်ရွယ်ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Economy) ဘက်ကိုသာ အလွန်အကျွံအလေးပေးဆောင်ရွက်ပါက ဂေဟစနစ်(Ecology)ကို ထိခိုက်နိုင်သဖြင့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမျှစေရန် (Ecology and Economy Balance) ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ မူဝါဒအရ မြေဝေါမြေအောက်သယံဇာတများအနက် ပြန်လည် အစားထိုးစိုက်ပျိုးထုတ်လုပ်နိုင်သည့် သယံဇာတများကို ထုတ်ယူသုံးစွဲသွားမည်ဖြစ်ပြီး လွယ်လင့်တကူ ပြန်လည်အစားမထိုးနိုင်သည့် သယံဇာတများကိုမူ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ သစ်ပင်ကဲ့သို့ ပြန်လည်စိုက်ပျိုး၍ရသည့်အရာများကို ထုတ်ယူသုံးစွဲခြင်းနှင့်အတူ ပြန်လည်စိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး မူကြိုး (၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းငွေလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် Zero Tolerance ကို ကျင့်သုံးကာ လုံးဝသက်ညှာမည်မဟုတ်ဘဲ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံသည် ရေကြီးရေလျှံမှုများနှင့် မန္တလေးငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရလေ့ရှိရာ ယင်းတို့နှင့်ပတ်သက်၍ ပြန်လည် ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များကို အတတ်နိုင်ဆုံးအချိန်မီဖြစ်စီးအောင် ဆောင် ရွက်ရမည်ဟူသည့်မူဝါဒကို ချမှတ်ထားပါကြောင်း။

ယခင်ရက်ပိုင်းက နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင်ပါဝင်သည့် မျှော်မှန်းချက်ပန်းတိုင်များ နှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် မူဝါဒများချည်းသာ ချမှတ်နေခြင်းမဟုတ်ဘဲ မူဝါဒများနှင့်အတူ Target များလည်းရှိကြောင်း၊ ယင်းပန်းတိုင်သို့ ရောက်ရှိရန် မည်သည့်လုပ်ငန်းစဉ် (Activities) များဖြင့် ဆောင် ရွက်မည်ဆိုသည်ကိုလည်း စနစ်တကျချမှတ်ထား ပါကြောင်း၊ အချိန်ကန့်သတ်ချက်အရ မိမိအနေဖြင့် မူဝါဒနှင့် ပန်းတိုင်များကိုသာ ပြောကြားမည်ဖြစ်ပြီး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်အချိန်ဇယား (Timeline) ဖြင့် သွားမည်၊ မည်သည့်အချိန်တွင် အပြီးဆောင်ရွက်မည်၊ ဘတ်ဂျက် (Budget) မည်မျှသုံးစွဲမည်၊ မည်သူက မည်သို့တာဝန် ယူဆောင်ရွက်မည် စသည့်လုပ်ငန်းလမ်းပြမြေပုံ (Roadmap) များမှာ သက်ဆိုင်ရာဌာနများတွင် အသီးသီးရှိပြီးဖြစ်ကြောင်း။

လက်ရှိတွင် အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံ ကျော်သာရှိသေးပြီး ပြည်တွင်း အသားတင်ထုတ်လုပ် မှုတန်ဖိုး (GDP) ကို ယခုနှစ်အတွင်း ဒေါ်လာ ၉၈ ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းဆောင်ရွက်လျက် ရှိကြောင်းနှင့် ပြည်ပကြွေးမြီအနေဖြင့် ၂၀၂၁ ခုနှစ် မတိုင်မီက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ ရှိခဲ့ရာမှ တဖြည်းဖြည်း ပေးဆပ်လျှော့ချလာခဲ့ရာ ယခုအခါ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံအထိ လျှော့ချ နိုင်ခဲ့ပြီဖြစ်ကြောင်း။

စားသုံးဆီကဏ္ဍနှင့်စပ်လျဉ်း၍ (၅) နှစ်အတွင်း ပြည်တွင်း၌ ဖူလုံရမည်ဖြစ်ပြီး ပြည်ပမှတင်သွင်းရန် မလိုအပ်တော့သည့်အဆင့်အထိ ရောက်ရှိစေရန် ပန်းတိုင်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းကဏ္ဍတွင်လည်း ရထားများ တစ်နာရီလျှင် ကီလိုမီတာ ၇၀ – ၈၀ အထိ မောင်းနှင်ပြေးဆွဲနိုင်ရန် ဦးတည်ရည်မှန်းဆောင်ရွက် လျက်ရှိကြောင်း။

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ လက်ရှိတွင် အားလုံးကြုံတွေ့ခံစားနေရသည့် လျှပ်စစ်မီး ပြတ်တောက်မှုများ၊ အထူးသဖြင့် အယ်လ်နီညိုရာသီ ဥတုပူပြင်းသည့်ကာလများတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀၀ ကျော်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားပြီး ယင်းအစီအမံများကိုလည်း ဆက်လက်ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ငြိမ်းချမ်းရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့သည့်အတိုင်း ၂၀၂၈ ခုနှစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပပြုလုပ်နိုင်ရန် စီမံထားရှိပြီး အသေးစိတ် အချက်အလက်များကို နောက်ပိုင်းတွင် ဆက်လက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ပြည်ပခရီးစဉ်များ အနေဖြင့် ရက်ပေါင်း ၁၈၂ ရက်အတွင်း မိုင်ပေါင်း ၂၅၀၀၀ ကျော် ပျံသန်း၍ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်း၊ ရုရှား၊ ဘယ်လာရုစ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား နှင့်မလေးရှားစသည့်နိုင်ငံပေါင်းကိုးနိုင်ငံသို့သွားရောက် ခဲ့ပြီး ခုနှစ်နိုင်ငံတွင် စီးပွားရေးဖိုရမ်များကျင်းပ၍ စီးပွား ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ခရီးစဉ်လမ်းကြောင်းအရ ပထမဦးစွာ အိမ်နီးချင်း နိုင်ငံများသို့ သွားရောက်ခဲ့ပြီး ထိုမှတစ်ဆင့် အာဆီယံ ကုန်းတွင်းပိတ်နိုင်ငံများ၊ ထို့နောက် မဟာဗျူဟာ မြောက် မိတ်ဖက်နိုင်ငံများဖြစ်သည့် ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံများသို့ သွားရောက်ခဲ့ကာ အာဆီယံ ပင်လယ်ပိုင်းနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသို့လည်း သွားရောက်ခဲ့ကြောင်း။

ခရီးစဉ်တစ်ခုချင်းစီ၏ အချုပ်အားဖြင့် လာအို နိုင်ငံခရီးစဉ်တွင် သံတမန်ရေးအရ မဟာဗျူဟာ မြောက် မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန်၊ နယ်စပ် ဒေသတည်ငြိမ်ရေးနှင့် နယ်စပ်ဖြတ်ကျော်ရေးရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည့်အပြင် ဒေသတွင်းပူးပေါင်းဆောင် ရွက်မှုနှင့် အာဆီယံတွင် မြန်မာနိုင်ငံ ပုံမှန်အတိုင်း ပြန်လည်ပါဝင်နိုင်ရေးအတွက် လာအိုနိုင်ငံက အပြည့် အဝထောက်ခံကြောင်း၊ ယင်းခရီးစဉ်တွင် နေပြည်တော် နှင့် ဗီယင်ကျန်းမြို့တို့အကြား ညီအစ်မမြို့တော် (Sister City) အဖြစ် ဆောင်ရွက်ရန်၊ မဲခေါင်မြစ်ဝှမ်း ရေအားလျှပ်စစ် (Feasibility Study) ပူးတွဲဆောင်ရွက် ရန်နှင့် လာအိုနိုင်ငံရောက် မြန်မာလုပ်သားများ အတွက် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ရရှိခဲ့ပြီး ကျိုင်းတုံ–လွမ်ပရာဘန် လေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲရေးအတွက် ဆွေးနွေး လျက်ရှိကြောင်း။

ထို့ပြင် ထိုင်းနိုင်ငံခရီးစဉ်တွင်လည်း နယ်စပ် ဒေသများ၌ ဖြစ်ပွားနေသည့် အွန်လိုင်းလောင်းကစားမှု၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတို့ အတွက် သတင်းအချက်အလက်ဖလှယ်ရန် ဆွေးနွေး သဘောတူညီမှုရရှိခဲ့သကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍတွင်လည်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးကိစ္စရပ်များမှာ ခရီးစဉ်အပြီး ဆက်လက်အကောင်အထည်ဖော်မှုများ ကြောင့် အတော်ခရီးရောက်ရေးပြီဖြစ်ကြောင်း၊

ယခုအခါ နှစ်နိုင်ငံသဘောတူညီချက်အရ အပြန်အလှန် ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက် ရှိကြောင်း၊ နမ့်ခုတ်မြစ်ရေ အရည်အသွေးထိန်းသိမ်း ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေး ကဏ္ဍတွင် လက်ရှိကိန်းဂဏာန်းအချက်အလက် အနည်းငယ်ကွာဟမှုရှိသော်လည်း နှစ်နိုင်ငံကုန်သွယ် မှုပမာဏကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ ရောက်ရှိအောင် တိုးမြှင့်ဆောင်ရွက်သွားရန် ညှိနှိုင်း ခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သား များ၏ တရားဝင်ရပ်တည်နေထိုင်ခွင့်၊ အလုပ်သမား အခွင့်အရေးများနှင့် လူမှုဖူလုံရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် က မိဘနေရာမှနေ၍ အလေးအနက်ထားပြောကြား ခဲ့ကြောင်း။

ဆက်လက်၍ ရုရှားနိုင်ငံ ခရီးစဉ်နှင့်စပ်လျဉ်း၍ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း ရုရှားနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဒုံးမားလွတ်တော်အကြီးအကဲ များ စသည့်နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲ၊ လွှတ်တော်အကြီးအကဲများအားလုံးနှင့် တွေ့ဆုံ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် နည်းပညာကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီး ယခုအခါ ဆက်လက်အကောင်အထည် ဖော်လျက်ရှိကြောင်း၊ ခရီးစဉ်အတွင်း အစိုးရအချင်း ချင်း (G2G) နားလည်မှုစာချွန်လွှာ ၁၂ ခုနှင့် စီးပွားရေး လုပ်ငန်းအချင်းချင်း (B2B) သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

အထူးသဖြင့် စွမ်းအင်နှင့် အဆင့်မြင့်ပညာကဏ္ဍ တွင် ၂၀၂၈ ခုနှစ်၌ မြန်မာအာကာသယာဉ်မှူးစေလွှတ် နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပြီး အာကာသနည်းပညာဆိုင်ရာ MoU လေးခု လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထားဝယ် LNG စီမံကိန်းနှင့်စပ်လျဉ်း၍ LNG စက်ရုံတည်ဆောက် ကာ ပြည်တွင်း၌ သုံးစွဲရန်သာမက အိမ်နီးချင်းနိုင်ငံ များသို့ပါ တင်ပို့ရောင်းချနိုင်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်ရေးကိစ္စရပ်များကို လည်း ဆွေးနွေးခဲ့ကြောင်း။

ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်နှင့်စပ်လျဉ်း၍ ဘယ်လာရုစ်နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံဖြစ်သည့်အတွက် ဘယ်လာရုစ်နိုင်ငံမှ စိုက်ပျိုးရေးနည်းပညာများ၊ ဓာတ်မြေဩဇာများ၊ စက်ကိရိယာများကို မိမိတို့နိုင်ငံ ရှိ မြေယာ၊ လုပ်သားအင်အား အရင်းအမြစ်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း၊ ထို့ပြင် အကြီးစားစက်မှုလုပ်ငန်းများ ပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်သကဲ့သို့ စက်မှုလုပ်ငန်းကဏ္ဍ များတွင်လည်း ဘယ်လာရုစ်နိုင်ငံမှ လာရောက်ရင်းနှီး မြှုပ်နှံသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၆–၂၀၃၈ ခုနှစ် (၃) နှစ်တာကာလအတွက် မြန်မာ–ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံ (Myanmar–Belarus Cooperation Roadmap) ကို ရေးဆွဲ သဘောတူညီပြီးဖြစ်ရာ အဆိုပါမူဘောင်အတိုင်း အချိန်ဇယားနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသည် အစောပိုင်းက တင်ပြခဲ့သည့် အတိုင်း CLMV လေးနိုင်ငံအဆင့်မှ ယခုအခါ မိမိတို့ ထက် ဖွံ့ဖြိုးတိုးတက်သာလွန်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် အာဆီယံနှင့် မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက် မှုများကောင်းမွန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မကြာမီ တွင်လည်း မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌ (Chair) အဖြစ် တာဝန်ယူကျင်းပမည့် ACMECS အစည်းအဝေး နှင့် CLMV လေးနိုင်ငံ အစည်းအဝေးများကျင်းပရန်ရှိပါ ကြောင်း၊ ဗီယက်နမ်ခရီးစဉ်အတွင်း နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲ၊ လွှတ်တော်အကြီးအကဲ များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စွမ်းအင်ကဏ္ဍ၊ သတင်း အချက်အလက်နှင့် နည်းပညာ (IT) ကဏ္ဍ၊ စိုက်ပျိုး မွေးမြူရေးကဏ္ဍနှင့် ဒီဂျစ်တယ်ကဏ္ဍ စသည့်ကဏ္ဍ အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး သဘောတူညီမှုများရရှိခဲ့ကာ နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်နှင့်စပ်လျဉ်း၍ ကမ္ဘောဒီးယားနိုင်ငံထံမှ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ အတွယူဖွယ်ရာအတွေ့အကြုံကောင်းများ များစွာရှိပါကြောင်း၊ ခရီးစဉ်အတွင်း ယာယီနိုင်ငံတော် အကြီးအကဲ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ကမ္ဘောဒီးယား နိုင်ငံသည် အာဆီယံအတွင်း မြန်မာနိုင်ငံ ပုံမှန်အတိုင်း ပြန်လည်ပါဝင်နိုင်ရေးအတွက် အခိုင်အမာထောက်ခံ အားပေးသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွား လုပ်ငန်းများစွာ ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘောဒီးယား နိုင်ငံနှင့်ပူးပေါင်း၍ “နိုင်ငံနှစ်ခု၊ ခရီးစဉ်တစ်ခု” (Two Countries, One Destination) အစီအစဉ်အရ ပုဂံမြို့နှင့် စီယမ်ရိပ် (Siem Reap) မြို့တို့အကြား ညီအစ်မ မြို့တော် (Sister City) အဖြစ် ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ ကြောင်း၊ ယင်းအစီအစဉ်အောင်မြင်စေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးကို လည်း ဆွေးနွေးခဲ့ကြောင်း။

ဆက်လက်၍ ယခုခရီးစဉ်များအနက် နောက်ဆုံးသွားရောက်ခဲ့သည့် မလေးရှားနိုင်ငံ ခရီးစဉ်နှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြား မြန်မာနိုင်ငံအပေါ် သဘောထားအနည်းငယ် တင်မာသည်ဟု အကြမ်းဖျင်းယူဆရသော်လည်း အမှန်တကယ် သွားရောက်ခဲ့သည့်အခါ အလွန်ပင် လှိုက်လှိုက်လဲ့လဲ့ကြိုဆိုခဲ့ကြပြီး အာဆီယံအတွင်း မြန်မာနိုင်ငံက ကျင့်သုံးလျက်ရှိသည့် (Myanmar Ways) သွားနေသည့်ပုံစံကို ထောက်ခံကြောင်း အလေးအနက် ဆွေးနွေးခဲ့ကြောင်း။

ထို့ပြင် မလေးရှားနိုင်ငံနှင့် (Logistics) ကိစ္စရပ် များ၊ ဆိပ်ကမ်းနှင့် သံမဏိလုပ်ငန်းဆိုင်ရာ ကိစ္စရပ် များကို ဆွေးနွေးခဲ့သည့်အပြင် အစိုးရအချင်းချင်း (G2G)၊ စီးပွားရေးလုပ်ငန်းအချင်းချင်း (B2B)၊ ပြည်သူအချင်းချင်း (People–to–People) အစီအစဉ် များနှင့်အတူ ပညာရှင်အဖွဲ့အစည်းအချင်းချင်း (Think Tank to Think Tank) ပူးပေါင်းဆောင်ရွက် သွားရန် သဘောတူညီခဲ့ကြောင်း၊ ထူးခြားချက်အနေ ဖြင့် နှစ်နိုင်ငံပညာရှင်အဖွဲ့အစည်း (Think Tank) များ သီးသန့်ဆွေးနွေးသည့် ဆွေးနွေးပွဲတစ်ရပ်ကို လည်း ကျင်းပနိုင်သကဲ့သို့ မလေးရှားနိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိသည်ကို တွေ့ရှိရကြောင်း။

ယင်းခရီးစဉ်၏ အထူးခြားဆုံး အောင်မြင်မှု ရလဒ်အဖြစ် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၈၀၀၀ ကျော်ကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး နောက်ဆုံးအကြိမ်အဖြစ် တပ်မတော်(ရေ)မှ စစ်ရေ ယာဉ်ဖြင့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို သွားရောက် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် နောက်ပိုင်း တွင်လည်း လိုအပ်သည့်စီစစ်မှုများ ပြုလုပ်ပြီးပါက ထပ်မံပြန်လည်ခေါ်ဆောင်ပေးမည့် အစီအစဉ်များ ရှိပါကြောင်း။

ပြည်ပခရီးစဉ်များအတွင်း ဆွေးနွေးခဲ့သည့် မဟာဗျူဟာမြောက်စီမံကိန်းကြီးရှိပါကြောင်း၊ တရုတ် နိုင်ငံနှင့်ပူးပေါင်း၍ အာကာသနှင့် ပြိုဟ်တုနည်းပညာ ကဏ္ဍ၊ ပြိုဟ်တုလွှတ်တင်ရေးကိစ္စရပ်များအပြင် ရုရှား နိုင်ငံနှင့်ပူးပေါင်း၍ မြန်မာအာကာသယာဉ်မှူး စေလွှတ်ရေးတို့ကို ရေရှည်မဟာဗျူဟာစီမံကိန်း (Long–term Plan) များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတွင်လည်း မဲခေါင် ရေအားလျှပ်စစ်စီမံကိန်း၊ သဘာဝဓာတ်ငွေ့ရည် (LNG)စက်ရုံတည်ဆောက်ရေးနှင့် နျူကလီးယား စွမ်းအင်သုံးစက်ရုံတည်ဆောက်ရေးတို့မှာ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အလွန်အရေးပါသည့် မဟာ ဗျူဟာမြောက် စီမံကိန်းကြီးများဖြစ်ပါကြောင်း။

ဒေသတွင်း ကုန်သွယ်မှုလမ်းကြောင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အဆိုပြု တင်ပြခဲ့သည့် အရှေ့–အနောက်စီးပွားရေးစင်္ကြံလမ်း (East–West Corridor) အရ ဗီယက်နမ်နိုင်ငံမှ စတင် ကာ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ကို ချိတ်ဆက်၍ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်သို့ ဖြတ်သန်းသွားလာ နိုင်မည့် လမ်းကြောင်းဆိုင်ရာကိစ္စရပ်များကို ရုရှား၊ ဘယ်လာရုစ်၊ အာဆီယံနိုင်ငံများအပြင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၌ပါ ဆွေးနွေးအဆိုပြုခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့်လည်း ယင်း၏ကုန်ပစ္စည်းများ တင်ပို့ရန် စိတ်ဝင်စားမှုရှိနေပြီး မြန်မာနိုင်ငံသည် အလယ်ဗဟိုဆုံမှတ် (Junction)နေရာတွင် တည်ရှိ နေသည့်အတွက် မြန်မာနိုင်ငံကို ဖြတ်သန်း၍ ကုန်သွယ်မှုလမ်းကြောင်း ဖော်ဆောင်နိုင်ရေး နည်းလမ်းများကို နိုင်ငံတော်သမ္မတကြီးက အဆိုပြု ဆွေးနွေးခဲ့ကြောင်း။

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

ထိုပြင် ယနေ့သတင်းစာရှင်းလင်းပွဲ၏ အဓိက ခေါင်းစဉ်(၂)ရပ်အပြင် အရေးအကြီးဆုံးဖြစ်သည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးချိန်၌ လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ဖြန့်ဖြူးပေးမည်ဟု ပြောကြားခဲ့သည့်အတိုင်း ဧပြီ ၂၂ ရက်မှ စတင်ကာ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ သို့ရာတွင် စက်တင်ဘာလအတွင်း စူပါအယ်လ်နီညိုးရာသီဥတု သက်ရောက်မှုကြောင့် ရေလောင်စာမဲများ၏ ရေမျက်နှာပြင်များ ကျဆင်းခဲ့ရသဖြင့် အောက်တိုဘာ ၅ ရက်မှ စတင်၍ ဝန်အား ထိန်းညှိသည့် အလှည့်ကျ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအစီအစဉ်ကို ကြေညာဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့အလှည့်ကျပေးဝေရာတွင် တစ်ခါတစ်ရံ လျှပ်စစ်မီးစတင်ရရှိသည်နှင့်တစ်ပြိုင်တည်း လျှပ်စစ်ပစ္စည်းများ အလွန်အကျွံအသုံးပြုကြခြင်းကြောင့် စနစ်အတွင်း ဝန်အားငါးကာ မီးပြန်လည်ပြတ်တောက်သွားခြင်းနှင့် ပြန်လည်ရရှိရန် အချိန်ကြာမြင့်ခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူများအကြား ဝေဖန်ပြောဆိုသံများ ထွက်ပေါ်ခဲ့ကြောင်း၊ အမှန်တကယ်တွင် မီးလာမည့်အချိန်၌မပေးဘဲ နေခြင်းမဟုတ်ဘဲ အားလုံးက တစ်ပြိုင်တည်းငိုင်းဝန်းအသုံးပြုလိုက်သည့်အခါ ဓာတ်အားစနစ်ကို Effect ဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားကို ထိန်းထိန်းသိမ်းသိမ်းသုံးစွဲကြရန် သက်ဆိုင်ရာဝန်ကြီးဌာနကလည်း အသိပေးကြေညာထားပြီးဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တောက်လျှောက် တိုးတက်လာခဲ့သော်လည်း ၂၀၂၁ ခုနှစ်မှ ၂၀၂၅၊ ၂၀၂၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက် ဖျက်ဆီးမှုလုပ်ရပ်များကြောင့် ရှိရင်းစွဲ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ယင်းသို့ ဖျက်ဆီးခံရမှုများကြောင့် ပြန်လည် ပြုပြင်ရခြင်း၊ အချိန်နှင့် ငွေကြေးကုန်ကျရခြင်းတို့မှာ နောက်ဆုံးတွင် ပြည်သူလူထု၏ ကုန်ကျစရိတ်များ သာဖြစ်ပြီး ပြည်သူများသာ အဓိကထိခိုက်နစ်နာရကြောင်း၊ ထိုသို့ဖျက်ဆီးခံရမှုများ မရှိခဲ့ပါက လျှပ်စစ်ဓာတ်အားများကို အပြည့်အဝ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်းသည့် ယခုအစိုးရသစ်လက်ထက်တွင် ၂၀၃၀ ပြည့်နှစ်၌ တစ်နိုင်ငံလုံး အပြည့်အဝ လျှပ်စစ်ဓာတ်အား ရရှိစေရန် ရည်မှန်းချက်ထားရှိပြီး အစိုးရတာဝန်စတင် ယူချိန်မှစ၍ စီမံချက်များရေးဆွဲကာ အားလုံးဝိုင်းဝန်းဆွေးနွေးတိုင်ပင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် အရေးကြီးသည့်အတွက် စွမ်းအင်အရင်းအမြစ် များစုကို အသုံးပြုသွားမည်ဖြစ်ရာ နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး အဆောက်အအုံအမိုးများပေါ်တွင် ဆိုလာစနစ်များ စတင်တပ်ဆင်ရန် စီစဉ်နေပြီဖြစ်ပြီး လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ရရှိနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုပြင် ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းများကိုလည်း ပြုပြင်မွမ်းမံ၍ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန် ဆောင်ရွက်နေသကဲ့သို့ ဓာတ်အားဒိုးယူသုံးစွဲမှုများကိုလည်း ထိန်းချုပ်ရေးစင်တာ (Control Center) များမှ စောင့်ကြည့်ထိန်းချုပ်ကာ ဒဏ်ရိုက်ခြင်းနှင့် နိုင်ငံတော်သို့ ငွေပြန်လည်ပေးသွင်းစေခြင်းတို့ကို တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ ၂၀၂၆ ခုနှစ်တွင် လျှပ်စစ်စွမ်းအင် အရင်းအမြစ်အဖြစ် ရေအားလျှပ်စစ်ကို အဓိကအသုံးပြုနေပြီး သဘာဝဓာတ်ငွေ့နှင့် ဆိုလာစွမ်းအင်အသုံးပြုမှုမှာ နည်းပါးနေသေးသော်လည်း ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ရေအားလျှပ်စစ်နှင့်အတူ ဆိုလာစွမ်းအင်ကို သိသိသာသာ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်သကဲ့သို့ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစွမ်းအင်တို့ကိုလည်း အချိုးကျ ဟန်ချက်ညီညီ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးမှာ တည်ဆောက်ပြီးသား လျှပ်စစ်အခြေခံအဆောက် အအုံများကို မဖျက်ဆီးကြရန်ဖြစ်ပြီး ဖျက်ဆီးပါက ပြည်သူများသာ ထိခိုက်ခံစားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုအစိုးရသက်တမ်း (၅) နှစ်တာကာလအတွင်း လုပ်ငန်းစဉ်များကို ပြန်လည် အနှစ်ချုပ်တင်ပြရပါက နိုင်ငံတော်သမ္မတကြီး၏ ရက် ၁၀၀ မိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း ပထမ(၂)နှစ်တာကာလ(Phase 1)တွင် ခိုင်မာသည့် အခြေခံအုတ်မြစ်များချမှတ်ခြင်းနှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ကျန်(၃)နှစ်တာကာလ(Phase 2)တွင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ရာ လက်ရှိတွင် ပထမတစ်နှစ်အတွင်း၌သာ ရှိနေသေးသည့်အတွက် နောင်တွင် အရှိန်အဟုန်မြှင့်လျှောက်လှမ်းနိုင်ရန် လိုအပ်သည့် အခြေခံအုတ်မြစ်များ ခိုင်မာစေရေး အလေးထား ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုမူဝါဒများ ရှင်းလင်းပြတ်သားစွာ ချမှတ်ထားပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများ လိုအပ်မည်ဖြစ်ကြောင်း၊ ရလဒ်ကောင်းများ ရရှိနိုင်ရန်အတွက် အရေးကြီးဆုံးမှာ လက်တွေ့ လုပ်ဆောင်မှုပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရဘက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများအပေါ် လက်တွေ့အကျိုး သက်ရောက်မှုရှိစေရေးတို့အတွက် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ယင်းလုပ်ငန်းစဉ်များမှာ ယခုချက်ချင်း၊ တစ်ရက် တည်း၊ တစ်လတည်း၊ အစိုးရတာဝန်ဖွဲ့တည်းက ဆောင်ရွက်နေရုံဖြင့် မလုံလောက်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ Stakeholders များ အားလုံးက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက် ကြမှသာ မျှော်မှန်းထားသည့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည့် အကြောင်း အရာများနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော် သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးရာထူးပိုများနှင့် တာဝန် ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

သူရိယနေဝန်းဂျာနယ်မှ ဦးမိုးဟိန်းက မြန်မာ-အမေရိကန် ဆက်ဆံရေးအခြေအနေနှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီးက အမေရိကန်နှင့် ပြန်လည်ဆက်ဆံသည်မှာ မှန်ကန်ကြောင်း၊ လက်ရှိ တွင် စင်ကာပူ၊ မြန်မာနှင့် ဂျပန်နိုင်ငံတို့တွင် စုစုပေါင်း (၃) ကြိမ် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း မကြာသေးမီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ်တွင် ရည်မှန်းချက် လေးခု ပါဝင်ကြောင်း၊ ပထမအချက် ဖြစ်သည့် မြန်မာနိုင်ငံမှအစပြုသော နိုင်ငံဖြတ်ကျော် ဒြိမိုးခြောက်မှုများကို ကာကွယ်ရန်ဆိုသည့် အချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် Zero Tolerance ကျင့်သုံးကာ အွန်လိုင်းလိမ်လည်မှု (Online Scam)နှင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်နေသဖြင့် မိမိတို့မူဝါဒနှင့် ကိုက်ညီကြောင်း၊ ကျန်အချက်များမှာ ပို့ကုန် ကုန်သွယ်မှုလိုင်စေ့လျော့ချရန်၊ ငြိမ်းချမ်းရေး အစီအစဉ်နှင့် ဒေသတွင်းဩဇာလွှမ်းမိုးမှု တိုးမြှင့်၍ အမေရိကန်နိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုများ တိုးချဲ့ ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။



သူရိယနေဝန်းဂျာနယ်မှ ဦးမိုးဟိန်း



Myanmar Hard Talk မှ ဦးဥက္ကာ



ဟိတ်းသစ္စာဂျာနယ်မှ ဒေါ်ခိုင်စံပယ်ဦး

အမေရိကန်နိုင်ငံသည် အမျိုးသားအကျိုးစီးပွား (National Interest) အတွက် ဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သဖြင့် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ရှေးရှုကာ နှစ်ဖက်အကျိုးရှိစေမည့် (Win-Win Situation) ကိစ္စရပ်အားလုံးကို ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင် ပါဝင်သည့်အတိုင်း မည်သည့်နိုင်ငံကိုမျှ ရန်သူအဖြစ်သဘောမထားဘဲ မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိရာ အမေရိကန်သည်လည်း မိတ်ဆွေနိုင်ငံဖြစ်သဖြင့် နှစ်နိုင်ငံအကျိုးရှိမည့် ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း။



Voice of Myanmar News မှ ဦးနေလင်း



ကင်းထောက်သတင်းစုံဂျာနယ်မှ စောချစ်နိုင်



Union Politics News Agency မှ ဦးထူးမောင်မောင်

ငြိမ်းချမ်းရေးကိစ္စနှင့် ပတ်သက်၍ ပြည်ပနိုင်ငံ တစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် မြေပြင်အခြေအနေကို မည်မျှသိရှိထားသည်ကို မသိရှိသော်လည်း ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် နည်းလမ်းများဖြင့်သာ ခိုင်ခိုင်မာမာရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပိတ်ဆို့အရေးယူမှု (Sanction) များရပ်သိမ်း၍ အတူပူးပေါင်းဆောင်ရွက် နိုင်ပါက ပြည်သူများ၏ လူနေမှုအဆင့် အတန်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည်မှာ မှန်ကန်ပြီး နှစ်ဖက်အကျိုး ရှိရေး ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ဖြေကြားသည်။

Myanmar Hard Talkမှ ဦးဥက္ကာက ပြည်နယ် အမည်များပြောင်းလဲရန် ရှိ/မရှိ၊ အမျိုးသား ညီလာခံတစ်ရပ် ပေါ်ပေါက်လာနိုင်ခြေ ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီးက NCA နှစ်ပတ်လည် ဖွင့်ပွဲမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတကြီး ထည့်သွင်းပြောကြားခဲ့သည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပုံနှံ နေထိုင်လျက်ရှိရာ ပြည်နယ်များသည် ယင်းပြည်နယ် အတွင်း နေထိုင်သူအားလုံးကို ကိုယ်စားပြုသင့် ကြောင်း၊ လူမျိုးတစ်မျိုးတည်း၏ အမည်ဖြစ်နေပါက အခြားလူမျိုးများအတွက် တစ်မျိုးဖြစ်နေနိုင် ကြောင်း၊ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းခန့်နှင့် ကချင်ပြည်နယ်တွင် ကချင်လူမျိုး ၃၉ ရာခိုင်နှုန်းခန့်သာ နေထိုင်ပြီး အခြားတိုင်းရင်းသားများနှင့်အတူ နေထိုင်ကြသဖြင့် ပြည်နယ်အတွင်း နေထိုင်သူများ၏ ဆန္ဒအပေါ်မူတည်၍ အားလုံးကို ကိုယ်စားပြုသည့် အမည်ပြောင်းလဲရန် အကြံပြုခဲ့ခြင်းသာဖြစ်ကြောင်း။

ယင်းကိစ္စသည် အမည်ပြောင်းလဲခြင်းသာ ဖြစ်သည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မလိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉ (ဂ) အရ အမည်ပြောင်းလဲနိုင်သည်ဟု ပြဋ္ဌာန်း ထားပြီးဖြစ်ရာ ယင်းကိစ္စအတွက် အမျိုးသားညီလာခံ ခေါ်ယူရန် မလိုအပ်ကြောင်း၊ လက်ရှိနိုင်ငံ၏ ဖွဲ့ပြိုး ရေးကာလတွင် အခြားလုပ်ဆောင်စရာ လုပ်ငန်း များစွာ ရှိနေသေးကြောင်း ဖြေကြားသည်။

ဟိတ်းသစ္စာဂျာနယ်မှ ဒေါ်ခိုင်စံပယ်ဦးက နိုင်ငံ အတွင်း ရာဇဝတ်မှုများနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝကို ထိခိုက်စေမည့် စိန်ခေါ်မှုများကို သက်ဆိုင်ရာဌာနများ အားလုံးနှင့် ပူးပေါင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများသာမက ပြည်သူ များအားလုံးကပါ အတူပူးပေါင်းပါဝင်ဆောင်ရွက် ကြရန် လိုအပ်ကြောင်း ဖြေကြားသည်။

Voice of Myanmar သတင်းဌာနမှ ဦးနေလင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အဂတိလိုက်စား မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေ အနေနှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီးက ပထမအချက်ဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သည် အချိန်တိုအတွင်း ပြီးစီးနိုင်မည်မဟုတ်သော်လည်း နိုင်ငံတော်သမ္မတကြီးက ယခုအစိုးရသက်တမ်း (၅) နှစ်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ KIA အပါအဝင် အဖွဲ့ အစည်းအားလုံးကို ဖိတ်ခေါ်ဆွေးနွေးလျက်ရှိ ကြောင်း၊ ၂၀၂၁ ခုနှစ် ပဋိပက္ခများနှင့် ကိုဗစ်ကာလ တွင် အရှိန်လျော့သွားခဲ့သော်လည်း ယခုအခါ နေပြည်တော်၌သာမက သက်ဆိုင်ရာဒေသများအထိ သွားရောက်၍ ညှိနှိုင်းဆောင်ရွက်နေသဖြင့် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ဒုတိယအချက် ဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်း စဉ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့က အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုသည် ပေးသူနှင့် ယူသူနှစ်ဦးနှစ်ဖက်စလုံးကြောင့် ဖြစ်ပေါ် လာခြင်းဖြစ်ကြောင်း၊ မိမိလိုလားချက်ပြည့်ဝရန် လာဘ်ပေးခြင်းကို ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ အစိုးရဘက်မှလည်း ထိရောက်စွာ အရေးယူခြင်း ဖြင့် လျော့ကျသွားမည်ဖြစ်ကြောင်း ဖြေကြား သည်။

စာမျက်နှာ ၉ သို့ ☆

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) မှ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ ဆုံးဖြတ်ချက်များအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) သည် ၁၉၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှစတင်၍ အမျိုးသားရေးစိတ်ဓာတ်အခြေခံ၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရာတွင် ရှေ့တန်းမှဦးဆောင်ပါဝင်ခဲ့သည့် သမိုင်းနောက်ခံအစဉ်အလာကြီးမားခဲ့သော အမျိုးသားရေးအဖွဲ့အစည်းကြီးဖြစ်ပါသည်။ ယခုအခါတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၏ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကာကွယ်မှုအတွက် ရှေးရှုပြီး အောက်ပါအတိုင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးကိစ္စသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ရည်ရွယ်ပြီး ဆောင်ရွက်လာခြင်းအပေါ် (လုံး၀) လက်မခံပါကြောင်း။

(ခ) ပြည်ပအဖွဲ့အစည်းအချို့နှင့် မီဒီယာများ၏ နိုင်ငံရေးအရသွေးထိုးလှုံ့ဆော်မှုများအပေါ် ဂမ်ဘီယာနိုင်ငံအား ကြားခံတရားလိုအဖြစ် အသုံးချပြီး မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် ပုံရိပ်ထိခိုက်လာစေရေး ဖန်တီးပုံဖော်ခြင်းသာဖြစ်၍ (လုံး၀)လက်မခံပါကြောင်း။

(ဂ) ICJ သည် နိုင်ငံတကာဥပဒေဆိုင်ရာစံနှုန်းများနှင့်အညီ ပကတိအရှိတရားနှင့် သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများကို ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်သုံးသပ်ရမည့်အစား မြန်မာနိုင်ငံ၏ တရားဝင်တိုင်းရင်းသားလူမျိုးစုစာရင်းတွင် မပါဝင်ဘဲ လုပ်ကြံဖန်တီးထားသည့် လူမျိုးအမည်နာမတစ်ရပ်ကို အသိအမှတ်ပြုသုံးနှုန်း၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် တရားစီရင်ရေးဆိုင်ရာ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှုတို့ကို မျက်ကွယ်ပြုရာ ရောက်ရှိခြေခြင်းကြောင့် (လုံး၀) လက်မခံပါကြောင်း။

(ဃ) ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များက မိမိ လုံခြုံရေးတပ်စခန်းများအား အလစ်အဝိုက်ဝင်ရောက် တိုက်ခိုက်မှုများနှင့် ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များအပေါ် ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်အမှန်များကို ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ICJ တွင် ချေပတင်ပြခဲ့သော်လည်း တရားရုံးက လျစ်လျူရှုခဲ့ခြင်းသည် တရားမျှတမှုကင်းမဲ့သော လုပ်ရပ်ဖြစ်နေခြင်းကြောင့် (လုံး၀) လက်မခံပါကြောင်း။

(င) မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံနိုင်ရေးအတွက် တစ်ဖက်နိုင်ငံနှင့် သဘောတူညီချက်ရရှိရေး အစဉ်တစိုက် ကြိုးပမ်းညှိနှိုင်းဆောင်ရွက်မှုများရှိနေသော်လည်း မိမိနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် IIMM နှင့် FFM ကဲ့သို့သော အဖွဲ့အစည်းများ၏ တစ်ဖက်သတ်စွပ်စွဲပြုစုထားသော အချက်အလက်များကိုသာ ကိုးကား၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် ပကတိအခြေအနေမှန်နှင့်ကင်းကွာနေသည့်ဆုံးဖြတ်ချက်များဖြစ်ခြင်းကြောင့် (လုံး၀) လက်မခံပါကြောင်း။

သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) အနေဖြင့် နိုင်ငံတကာဥပဒေဆိုင်ရာ တရားမျှတမှုစံနှုန်းများကို အခြေခံခြင်းမရှိဘဲ တစ်ဖက်သတ် နိုင်ငံရေးပယောဂများ လွှမ်းမိုးနေသည့် ဘက်လိုက်သော ဆုံးဖြတ်ချက်များအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)



ပေါ်ပြူလာသတင်းအေဂျင်စီမှ ဦးမြတ်ခိုင်



Top Phoenix ဂျာနယ်မှ ဦးသူရအောင်



New History for People (NHP) သတင်းဌာနမှ ဦးဝင်းဦး



Public Echo Online Media မှ ဒေါ်ခက်နှင်းစု



Branded Myanmar Agency မှ ဦးထွန်းလင်းထက်



Queen For Peace သတင်းအေဂျင်စီမှ ဒေါ်မျိုးပပဖြိုးဝေလွင်

☆ စာမျက်နှာ ၈ မှ

ထို့အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ကော်မရှင်အနေဖြင့် တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူဝန်ဆောင်မှုရယူရာတွင် တုံ့ပြန်ဖြေကြားနိုင်ရန် Short Code လေးလုံးစနစ် (Public Feedback Programme – PFP) နှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်ခြင်း (Corruption Risk Assessment – CRA) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအလိုက် အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားပြုလုပ်မှုများကို အရေးယူဆောင်ရွက်ထားသည့် ဖြစ်စဉ်များစွာ ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် ပိုင်းဝန်းအသိပညာပေး ဆောင်ရွက်စေလိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ကင်းထောက်သတင်းစုံဂျာနယ်မှ စောချစ်နိုင်က KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်နှီးမှုကို ထိခိုက်စေရန် ရည်ရွယ်လှုပ်ဆောင်နေမှုများအပေါ် မည်သို့တုံ့ပြန်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးမြန်းရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူ၀ါဒ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများနှင့်အညီ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ KNU၊ KNLA နှင့် NUG၊ CRPH လက်ဝေခံ PDF အကြမ်းဖက်အဖွဲ့များသည် အကြမ်းဖက်အားပေးမီဒီယာအချို့နှင့် ပူးပေါင်း၍ မြန်မာ-ထိုင်းချစ်ကြည်ရေးကို ထိခိုက်စေရန် ရည်ရွယ်လှုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ နိုဝင်ဘာလ ၃ ရက်တွင် တရားဝင်ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်နှင့် ထိုင်းဘုရင့်တပ်မတော်တို့အကြား ကာလရှည်မိတ်ဖက်ချစ်ကြည်ရင်းနှီးမှုရှိပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းများကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အွန်လိုင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် သတင်းတု/ သတင်းမှားများဖြန့်ဝေနေမှုကို တုံ့ပြန်လျက်ရှိသကဲ့သို့ နယ်စပ်ဒေသပြဿနာများဖြေရှင်းရန် သက်ဆိုင်ရာကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံသည် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများဖြစ်သည်နှင့်အညီ အခြားနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေမည့် အပြုအမူမျိုး လုံးဝ ပြုလုပ်မည်မဟုတ်ဘဲ နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အကြား ဆက်ဆံရေးကောင်းမွန်ခိုင်မာလျက်ရှိကြောင်း ဖြေကြားသည်။

Union Politics News Agency မှ ဦးထူးမောင်မောင်က လက်ရှိအစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် NCA နှင့်အပြင် အကောင်အထည်ဖော်မည့် မူဝါဒ၊ လုပ်ငန်းစဉ်များ ရှိ၊ မရှိနှင့် အချို့ဒေသများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွှန်၍ နယ်မြေချဲ့ထွင်နေသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီးက အခြားလမ်းကြောင်းသစ်မရှိကြောင်း၊ NCA လမ်းကြောင်းအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ NCA သည် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းအတွက်မဟုတ်ဘဲ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအခင်းအကျင်းများ ပါဝင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံတကာသံတမန်များ ပါဝင်သဘောတူထားသည့် စာချုပ်ဖြစ်ကြောင်း၊ ယခုအခါ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နေသဖြင့် NCA လမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့်သာ အဖြေရှာသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွှန်၍ နယ်မြေချဲ့ထွင်နေသည့်အနေအထားများရှိသော်လည်း NCA လမ်းကြောင်းမှတစ်ဆင့် ပြန်လည်ညှိနှိုင်းသွားမည်ဖြစ်ဖြီး မိမိတို့အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသာ နိုင်ငံခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ပေါ်ပြူလာသတင်းအေဂျင်စီမှ ဦးမြတ်ခိုင်က မြန်မာနိုင်ငံ၏ နိုင်ငံရေးရေချိန် အနိမ့်အမြင့်သည်မည်သည့်အခြေအနေအပေါ် မူတည်နေသည်နှင့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ ဆုံးဖြတ်ချက်အပေါ် နိုင်ငံတော်သမ္မတကြီး၏ သဘောထားကို သိရှိလိုကြောင်းမေးမြန်းရာ ဒုတိယဝန်ကြီးက ပထမမေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သဖြင့် နိုင်ငံရေးရေချိန်သည် မည်သည့်ပြည်ပအင်အားစုအပေါ်တွင်မျှ မူတည်ခြင်းမရှိဘဲ မိမိတို့နိုင်ငံအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းအပေါ်တွင်သာ မူတည်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေး အင်အားကြီးနိုင်ငံများ၏ ပိတ်ဆို့မှုများကြောင့် သက်ရောက်မှုအနည်းငယ်ရှိနိုင်သော်လည်း ပြည်သူလူထုအပေါ်တွင်သာ အဓိကမူတည်ကြောင်း။

ဒုတိယမေးခွန်းဖြစ်သည့် ICJ ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ခုနှစ်နှစ်ကတည်းက မတရားစွပ်စွဲခံရမှုအပေါ် နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျ ဖြေရှင်းခြင်းနှင့် ကြားဖြတ်အမိန့်များကို လိုက်နာခြင်းတို့ကို အကောင်းဆုံးဆောင်ရွက်ခဲ့ကြောင်း၊ ယမန်နေ့က ထွက်ပေါ်လာသည့် ဆုံးဖြတ်ချက်တွင် တရားသူကြီး (၁၅) ဦးအနက် ကိုးဦးက သဘောတူပြီး ခြောက်ဦးက သဘောမတူခဲ့သဖြင့် တညီတညွတ်တည်း ဆုံးဖြတ်ချက်မဟုတ်ဘဲ မျှတမှုမရှိကြောင်း၊ တရားရုံးဆုံးဖြတ်ချက် စာမျက်နှာ ၁၈၆ မျက်နှာနှင့် တရားသူကြီးများ၏ စီရင်ချက် စာမျက်နှာ ၂၆၉ မျက်နှာတို့ကို ဥပဒေကြောင်းအရ အချိန်ယူလေ့လာရဦးမည်ဖြစ်ကြောင်း၊ ယမန်နေ့ကပင် ကမ္ဘာ့ထိပ်သီးခေါင်းဆောင်သုံးဦး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ အမေရိကန်အနေဖြင့် ICC နှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် တရားစီရင်ပိုင်ခွင့် အာဏာကို အလွဲသုံးစားမပြုလုပ်သင့်ကြောင်းနှင့် ICJ ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ကို လေ့လာသုံးသပ်နေပြီး နိုင်ငံရေးအရအသုံးမပြုသင့်ကြောင်းကို ထုတ်ပြန်ခဲ့ကြောင်း ဖြေကြားသည်။

Top Phoenix ဂျာနယ်မှ ဦးသူရအောင်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းနှင့် စပ်လျဉ်း၍ မေးမြန်းရာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရန်ကုန်လေဆိပ်၏ မြေနေရာတိုးချဲ့ရန်အခက်အခဲကြောင့် ၁၉၉၄ ခုနှစ်ကတည်းက ဟံသာဝတီလေဆိပ်စီမံကိန်းကို လျာထားစီမံဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် စီမံကိန်းအတွက် ဒုတိယသမ္မတ (၁) ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင် (၁၅) ဦးဖြင့်

စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ

ဦးဆောင်ကော်မတီကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာလအတွင်း ဦးဆောင်ကော်မတီပထမအကြိမ် အစည်းအဝေးကျင်းပရန် စီစဉ်ထားပြီး အစည်းအဝေး ပြုလုပ်ပြီးမှသာ စတင်မည့်အချိန်ကာလနှင့် ဆောင်ရွက်မည့် မူဝါဒလမ်းစဉ်အသေးစိတ်ကို သိရှိနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

New History for People (NHP) သတင်းဌာနမှ ဦးဝင်းဦးက ယာယီနေရပ်စွန့်ခွာပြည်သူများ ကြုံတွေ့နေရသည့်အခက်အခဲများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် နေရပ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီးက ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း နေရပ်စွန့်ခွာပြည်သူများကို စာရင်းကောက်ယူ၍ တစ်လလျှင် တစ်ဦးကို ငွေကျပ်(၂၀၀၀၀)နှုန်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ စုစုပေါင်း ငွေကျပ် ၁၃၅ ဒသမ ၄၀၂ ဘီလီယံထောက်ပံ့ပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စာရင်းကောက်ယူ၍ အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးခြင်းအတွက် ငွေကျပ်သန်း ၁၀၀၀ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကျပ်သန်း ၃၀၀၀၀ ကျော်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက တိုင်ရင်းသားပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် သက်ဆိုင်ရာ နေရပ်များသို့ ပြန်လည်နေထိုင်ကြသည့် ပြည်သူများကို မိမိတို့ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများအနေဖြင့် နေရပ်ဒေသသို့ မပြန်နိုင်သေးပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးမှူးများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရုံးများကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း ဖြေကြားသည်။

Public Echo Online Media မှ ဒေါ်ခက်နှင်းစုက လက်နက်ကိုင်ပဋိပက္ခကြောင့် အိမ်ထောင်ဦးစီးဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝရပ်တည်ရေးနှင့် အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် မည်သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း မေးမြန်းရာ ဒုတိယဝန်ကြီးက မိသားစုဝင်ဆုံးရှုံးသွားသူများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အဓိကအားဖြင့် ပညာရေးနှင့်ကျန်းမာရေးမထိခိုက်စေရန် ကလေးငယ်များ၏ ဘဝလုံခြုံမှုရှိစေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်ပေးနေကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မိဘဆုံးရှုံးသွားသည့်ကလေးများ၊ မိဘမဲ့ကလေးများနှင့် ကာကွယ်စောင့်ရှောက်မှု လိုအပ်နေသည့် ကလေးငယ်များကို ကလေးပြုစုရေးစင်တာရှစ်ခု၌ စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ အသက် ၁၀ နှစ်နှင့်အထက် ကလေးများကို မူလတန်းပညာပြီးဆုံးသည်အထိ သင်ကြားပေးလျက်ရှိပြီး အသက် ၁၂ နှစ်ပြည့်ပြီးသည့် ကလေးများအတွက် သင်တန်းကျောင်းများဖွင့်လှစ်ကာ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိကြောင်း၊ လူမှုကာကွယ်ရေး မဟာဗျူဟာစီမံချက်အရ ရပ်ရွာအတွင်းရှိ အရင်းအမြစ်များနှင့် ချိတ်ဆက်ကာ ပညာသင်စရိတ်နှင့် ကျန်းမာရေးစရိတ် စသည်တို့ ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

ထို့အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးခဲ့သည့် စစ်သည်များ၏ မိသားစုဝင်များအတွက် ရာထူး



Myanmar Public Press News Agency မှ ဦးဇော်မင်းနိုင်



White Balance News Agency မှ ဦးမျိုးမင်း



TV Asahi မှ ဦးကောင်းထက်ကျော်

အဆင့်တိုးမြှင့်ပေးခြင်း၊ အခမဲ့ဆေးကုသခွင့်ပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ခြင်း၊ စစ်မှုထမ်း၏ အသက်အရွယ်မရွေး အမွေခံများအား နောက်ဆုံးထုတ် မူရင်းလစာ၏ ၇၀ ရာခိုင်နှုန်းကို အိမ်ထောင်စုဝင် အထူးအငြိမ်းစားလစာအဖြစ် ခံစားခွင့်ပြုခြင်း၊ တရားဝင် သို့မဟုတ် မှတ်တမ်းဝင်ကလေးအတွက် နောက်ဆုံးထုတ်မူရင်းလစာ၏ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ကလေးစရိတ်နှင့် ကျောင်းစတက်သည့်ရက်မှစ၍ လစဉ်ပညာသင်စရိတ်များ ခံစားခွင့်ပြုခြင်း၊ သေဆုံးမှုဆုကြေးနှင့် ကရုဏာကြေးများ ခံစားခွင့်ပြုခြင်း၊ အိမ်ရာအခမဲ့နေထိုင်ခွင့်ပြုခြင်း၊ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခြင်းနှင့် အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျိုးခံစားခွင့်များ ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

Branded Myanmar Agency မှ ဦးထွန်းလင်းထက်က နိုင်ငံတော်သမ္မတ၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် နိုင်ငံတော်အဆင့် ပညာရေးဖိုရမ်ကျင်းပရန် အစီအစဉ်ရှိ၊ မရှိ၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်နှင့် အချိန်ကာလ သတ်မှတ်ချက်ကို အများပြည်သူသို့ အသိပေးထုတ်ပြန်ရန် ရှိ၊ မရှိနှင့်စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို အပြည့်အဝအားပေးမြှင့်တင်နေပြီး မူလတန်းပညာရေးမှ အခြေခံ KG+9 အထိ တိုးမြှင့်ခြင်း၊ Polytechnic ကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ အင်ဂျင်နီယာသိပ္ပံကျောင်းများကို တက္ကသိုလ်များအဖြစ် တိုးမြှင့်ရန် ဆွေးနွေးခြင်းနှင့် ပညာသင်ဆုပေးအပ်ခြင်းတို့ကို တစ်ဆင့်ချင်း ဆောင်ရွက်နေကြောင်း၊ ဘတ်ဂျက်ခွဲဝေမှုအပိုင်းတွင် ပညာရေးကဏ္ဍအတွက် အစိုးရသက်တမ်းကာလအတွင်း လာမည့်ဘဏ္ဍာနှစ်များအလိုက် ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံပိုင်းသာမက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြှင့်တင်ရေးကိုလည်း ဆောင်ရွက်နေကြောင်း ဖြေကြားသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပထမပိုင်းအနေဖြင့် နိုင်ငံတော်အဆင့် ပညာရေးဖိုရမ်ကျင်းပရန်ရှိကြောင်း၊ လက်ရှိတွင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အခြေခံပညာ၊ အဆင့်မြှင့်ပညာ၊ ဆရာအတတ်ပညာနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနတို့၌ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိကြောင်း၊ အဆိုပါ ဆွေးနွေးပွဲများတွင် ကိုယ့်အားကိုယ်ကိုးကျောင်းများ စံချိန်စံညွှန်းမီပြင်ဆင်ရေး၊ တန်းစဉ်ကူးပြောင်းမှုတိုးတက်ရေး၊ KG+9 ပြီးဆုံးသူများအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ Polytechnic ကျောင်းများ ဖွင့်လှစ်ရေး၊ အဝေးသင်ပညာရေးအဆင့်မြှင့်တင်ရေး၊ အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများ စဉ်ဆက်မပြတ်မွေးထုတ်ရေး၊ စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးတိုးချဲ့ရေးတို့ကို ပြင်ဆင်နေပြီး လာမည့်ကာလအတွင်း နိုင်ငံတော်အဆင့် ပညာရေးဖိုရမ်ကျင်းပနိုင်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း။

ဒုတိယပိုင်းအနေဖြင့် ယင်းအလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် ရလဒ်များအပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းစဉ်များ ပေါ်ထွက်လာမည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များအပေါ် မူတည်ကာ ရှေ့လုပ်ငန်းစဉ်နှင့် အချိန်ကာလသတ်မှတ်ချက်တို့ကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ တတိယပိုင်းအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုကို နေ့ချင်း ညချင်းလုပ်ဆောင်၍မရသဖြင့် အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များအပေါ် အခြေခံ၍သာ စနစ်တကျ ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

Queen For Peace သတင်းအေဂျင်စီမှ ဒေါ်မျိုးပပဖြိုးဝေလွင်က ပြည်သူ့ဆေးရုံများတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ကဏ္ဍနှင့်စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယ



Orchid News Agency မှ ဦးဌေးအောင်



Nikkei Shimbun သတင်းဌာနမှ နန်းပြည့်ဇင်အောင်



BBC သတင်းဌာနမှ ဦးထက်နိုင်ဇော်

ဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးကို မူဝါဒချမှတ်ကာ ဘတ်ဂျက်တိုးမြှင့်ဆောင်ရွက်နေသော်လည်း အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ DCS ပြုလုပ်သွားခဲ့သဖြင့် ဝန်ထမ်းအင်အား အကန့်အသတ်ဖြစ်ပေါ်နေကြောင်း၊ ဆရာဝန်နှင့် အထူးကုဆရာဝန်များကို ချက်ချင်းမွေးထုတ်၍မရသဖြင့် အငြိမ်းစားဆရာဝန်ကြီးများနှင့် တပ်မတော်မှ ဆရာဝန်များ ခေါ်ယူအားဖြည့်ကာ ကိုဗစ်ကပ်ရောဂါကာလကို ခက်ခဲစွာ ကျော်ဖြတ်ခဲ့ရကြောင်း၊ လူနာအရေအတွက်နှင့် ဆရာဝန်၊ သူနာပြု အချိုးမညီမျှချိန်တွင် အဆိုပါအခက်အခဲမျိုး ဖြစ်ပေါ်နိုင်သော်လည်း ဝန်ထမ်းများ အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပေးလျက်ရှိကြောင်း ဖြေကြားသည်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူ တစ်ဦးက နိုင်ငံတော်သမ္မတ၏ မူဝါဒနှင့်အညီ ဆေးရုံရှိလျှင် ဆေးရှိရမည်ဟူသော မူဝါဒဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ဝန်ကြီးဌာန လက်အောက်၌ ပြည်သူ့ဆေးရုံပေါင်း ၁၁၈၀ ရှိပြီး နေ့စဉ်အတွင်း လူနာ ၃၀၀၀၀ ခန့်နှင့် ပြင်ပလူနာ ၄၀၀၀၀ မှ ၄၅၀၀၀ အကြားကို ကုသပေးနေရကြောင်း၊ ဝန်ထမ်းအင်အား သောင်းနှင့်ချီ လျော့ပါးသွားခဲ့ရာမှ ပြန်လည်ခေါ်ယူရာတွင် ထောင်ဂဏန်းအနည်းငယ်သာ ပြန်လည်ဝင်ရောက်ခဲ့သဖြင့် လူ့စွမ်းအားအရင်းအမြစ် ကွာဟချက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆရာဝန်တစ်ဦးဖြစ်လာရန် ၆ နှစ်၊ ၇ နှစ်နှင့် သူနာပြုတစ်ဦးဖြစ်လာရန် ၃ နှစ် အချိန်ယူရပါကြောင်း၊ ဆေးဝါးဖြည့်ဆည်းမှုအပိုင်းတွင် လူနာများအတွက် အဓိကလိုအပ်သော ဆေးဝါးများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် နှစ်စဉ်ဝယ်ယူဖြည့်တင်းပေးနေပြီး နေ့စဉ်အခမဲ့ရရှိနိုင်သည့် ဆေးဝါးစာရင်းကိုလည်း ဆေးရုံများတွင် ကပ်ထားပေးကြောင်း၊ ထပ်မံလိုအပ်သည့် အားဆေးကဲ့သို့ ဆေးဝါးများကိုသာ ပြင်ပမှ ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဆေးရုံသန့်ရှင်းရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ဆေးရုံအုပ်ကြီးများ ဦးဆောင်သည့် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ရေးကော်မတီများ ဖွဲ့စည်းကာ ဆေးရုံကြီးများမှ တိုက်နယ်ဆေးရုံများအထိ အဆင့်လိုက်ဆောင်ရွက်နေကြောင်း၊ ဝန်ထမ်းများ၏ ဆက်ဆံရေးကောင်းမွန်စေရန် သူနာပြုသင်တန်းကျောင်းသင်ရိုးများနှင့် လုပ်ငန်းခွင်အကြိုသင်တန်းများတွင် လူထုဆက်ဆံရေးဘာသာရပ်ကို အလေးထား ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း ဖြေကြားသည်။

Myanmar Public Press News Agency မှ ဦးဇော်မင်းနိုင်က တောင်သူလယ်သမားများ၏ ကောက်ပဲသီးနှံများ သင့်တင့်သော ဈေးနှုန်းရရှိရေးနှင့် အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့နှင့်စပ်လျဉ်း၍ မေးမြန်းရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ဒုတိယသမ္မတ(၂)က အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန ၁၀ ခုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များအပါအဝင် အဖွဲ့ဝင် ၃၈ ဦးဖြင့်လည်းကောင်း အဖွဲ့ကို ဖွဲ့စည်းထားကြောင်း၊ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန် ၁၅ ရပ်တွင် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းတာဝန်ပါဝင်ပါကြောင်း၊ အဖွဲ့အောက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသော လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆက်စပ်အသင်းအဖွဲ့များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် ညှိနှိုင်းကာ နှစ်စဉ်အခြေခံစပါးရည်ညွှန်းဈေးကို ထုတ်ပြန်သတ်မှတ်ပေးလျက်ရှိကြောင်း။

ယခုနှစ်အတွက် စပါးတင်း ၁၀၀ လျှင် အခြေခံရည်ညွှန်းဈေး ငွေကျပ် ၁၃၅၀၀၀၀ အဖြစ် သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားပြီး အခြားအဓိကသီးနှံများအားလုံးအတွက်လည်း အခြေခံရည်ညွှန်းဈေးများ သတ်မှတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

အလားတူ အလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက လက်လုပ်လက်စား အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရန် နိုင်ငံတော်သမ္မတ၏ မူဝါဒလမ်းညွှန်ချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းများနှင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) မူဝါဒများဖြင့် ပြည်တွင်း အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဦးဆောင်မှုဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိရာ

စာမျက်နှာ ၁၁ သို့ ☆

ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရေး အလေးထားဆောင်ရွက်ကြရန်မှာကြား

နေပြည်တော် နိုဝင်ဘာ ၂၀

ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာရည်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာအားလုံး ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရေးအတွက် အလေးထားပြီး ဆောင်ရွက်ကြရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ယနေ့ နေပြည်တော်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနခွဲ ကျင်းပသည့် ကျေးလက်လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

မှာကြား

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများ ပိုမိုအောင်မြင်ရန်၊ ကျေးလက်လမ်း၊ တံတားကွန်ရက်များ တိုးချဲ့ချိတ်ဆက်ပေးခြင်းဖြင့် သွင်းအားစုများ လွယ်ကူလျင်မြန်စွာသယ်ပို့နိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အချိန်မီသယ်ပို့နိုင်ခြင်း၊ ကျေးလက်တောင်သူများ၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ကျေးလက်သို့ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်ပြီး မြို့ပြစျေးကွက်သို့ သယ်ပို့နိုင်ခြင်းတို့ကြောင့် ကျေးလက်ပြည်သူများ ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာများ အဆင်ပြေချောမွေ့ကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်၊ လမ်းတံတားလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်၊ ကျေးလက်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ကာ စေတနာထားဆောင်ရွက်သွားကြရန်နှင့် ဈေးကွက်အရောက်လမ်းကွန်ရက်ချိတ်ဆက်နိုင်ရေး စီမံကိန်းရေးဆွဲရာတွင် အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ကျေးလက်လမ်း၊ တံတားများ တည်ဆောက်ပြီးစီးသည့်အခါတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသုံးပြုနိုင်ရန် မပျက်စီးစေရေးအတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။



ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်အခြေအနေများ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးလက်လမ်းတံတားများဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၁၀ မှ

CMP စက်ရုံများမှတစ်ဆင့် အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးသကဲ့သို့ အလုပ်သမားများ လုပ်ငန်းခွင်နှင့် ကိုက်ညီသည့် ကျွမ်းကျင်မှုများရရှိစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လုပ်ငန်းခွင်အကြို ကျွမ်းကျင်မှု အသက်မွေးပညာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဖန်တီးပေးထားသည့် အလုပ်အကိုင်အခွင့်အလမ်းများကို လုပ်သားများ အနေဖြင့် အကျိုးရှိရှိအသုံးချကာ အမှန်တကယ် ကြိုးစားလုပ်ကိုင်ရန်လိုအပ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတော်သမ္မတ အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိရန် ကြိုးပမ်းလျက်ရှိပြီး ပြည်တွင်း၌ စက်မှုနှစ် သုံးခု ရှိသည့်အပြင် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ၊ ရုရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့် ညှိနှိုင်းနေသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ပါက အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ငြိမ်းချမ်းရေးမရရှိပါက အဆိုပါ နေရာများသို့ သွားလာလုပ်ကိုင်ရာ၌ အတားအဆီး အနှောင့်အယှက်များ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှု(Sanction)များ ဖြေလျှော့ပေးပါက နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်သမ္မတကိုယ်တိုင် စီးပွားရေးဖိုရမ်များသို့ တက်ရောက်ကာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နေခြင်းဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

White Balance News Agency မှ ဦးမျိုးမင်း က မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အချို့နေရာများတွင် ထိရောက်စွာ လျော့ကျမှုမရှိသေးသည့်အတွက် မည်သို့ကိုင်တွယ်ဖြေရှင်းသွားမည်ကို မေးမြန်းရာ ဒုတိယဝန်ကြီးက မူးယစ်ဆေးဝါး ဖမ်းဆီးအရေးယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့် စီမံချက်များအတိုင်း တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ မူးယစ်ဆေးဝါး အမှုပေါင်း ၅၁၂၆ မှု ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ ၇၄၅၈ ဦးကို အရေးယူနိုင်ခဲ့ကြောင်း၊ ထို့ပြင် Operation 42 စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သိုလှောင်မှု၊ သယ်ဆောင်မှုနှင့် ရောင်းဝယ်မှုများကို ဆက်လက်ဖော်ထုတ် တားဆီးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

TV Asahi မှ ဦးကောင်းထက်ကျော် က ဒေါ်အောင်ဆန်းစုကြည်အား ပြီးခဲ့သည့် လပိုင်းများအတွင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် တွေ့ဆုံခွင့်ပေးခြင်း၊ သားဖြစ်သူနှင့် တယ်လီဖုန်းပြောဆိုခွင့်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သဖြင့် မကြာမီလွတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ၎င်းအားလွတ်ပေးရန် နိုင်ငံတကာ၏ပြောဆိုမှုများအပေါ် သဘောထားအမြင်ကို သိရှိလိုကြောင်း မေးမြန်းရာ ဒုတိယဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်သည် ရွေးကောက်ပွဲ မဲမသမာမှု၊ အကတိလိုက်စားမှုနှင့် မှားယွင်းသောစီမံခန့်ခွဲမှု စသည့် ပြစ်မှုဆိုင်ရာဥပဒေများအရ ပြစ်မှုထင်ရှားသဖြင့် အရေးယူခံထားရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်း၏ အသက်အရွယ်နှင့် လူသားချင်းစာနာထောက်ထားမှုတို့ကို ရှေးရှု၍ ပြစ်ဒဏ်များလျှော့ပေါ့ပေးခဲ့သည့် အပြင် အကျဉ်းထောင်တွင်မထားရှိဘဲ သက်သောင့်သက်သာရှိမည့်နေအိမ်၌ စနစ်တကျ ထားရှိပေးထားကြောင်း၊ လွတ်ပေးမည့်အစီအစဉ်နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့သည့်အတိုင်း အနာဂတ်ကိုကြိုတင်မြော်တွေး၍ မရသဖြင့်အတိအကျ မပြောနိုင်သေးကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဆောင်ချက်များအပေါ်မူတည်၍သာ အချက်အလက်များရှိပါက စဉ်းစားပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

Orchid News Agency မှ ဦးဌေးအောင် က အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အတုပြုလုပ်မှုများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေကို သိရှိလိုကြောင်း မေးမြန်းရာ ဒုတိယဝန်ကြီးက ယခင်က စာရွက်အခြေပြု (Paper-based)စနစ် ဖြစ်ခဲ့ခြင်းနှင့် အချို့သော ပြည်သူများနှင့် ပွဲစားများ၏ မသမာမှုများကြောင့် စာရွက်စာတမ်းအတုပြုလုပ်မှုများနှင့် လူမှုကွန်ရက်ပေါ်တွင် ဝန်ထမ်းပုံရိပ်အသုံးချ လိမ်လည်မှုများရှိခဲ့ကြောင်း၊ အဆိုပါလူမှုကွန်ရက်ပေါ်မှ လိမ်လည်မှုများနှင့် ပွဲစားများကို စောင့်ကြည့်အရေးယူလျက်ရှိကြောင်း၊ လက်ရှိတွင် e-ID စနစ်သို့ ကူးပြောင်းနေသည့်ကာလဖြစ်ပြီး ကိုယ်ရေးအချက်အလက် ၉၉ ရာခိုင်နှုန်းကျော် ထည့်သွင်းပြီးဖြစ်ကာ လူဦးရေ ၁၅ သန်းခန့်အား e-ID နံပါတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ e-ID စနစ် ရာနှုန်းပြည့်ပြီးစီးသွားပါက အတုပြုလုပ်မှုများ သိသိသာသာ လျော့ကျသွားမည်ဖြစ်ပြီး ပြည်သူများ အသိပညာတိုးပွားစေရန် မီဒီယာများကလည်း ပိုင်းဝန်းပညာပေးစေလိုကြောင်း ဖြေကြားသည်။

Nikkei Shimbun သတင်းဌာနမှ နန်းပြည့်ဇင်အောင် က သီလဝါအထူးစီးပွားရေးဇုန် အပါအဝင် စက်ရုံများအတွက် စက်ပစ္စည်းအစိတ်အပိုင်း တင်သွင်းခွင့်လိုင်စင်များ လုံလောက်စွာမရရှိသဖြင့် လုပ်ငန်းလည်ပတ်မှု နှောင့်နှေးနေခြင်းကို မူဝါဒ ချမှတ်သူများထံ တင်ပြမှု ရှိ၊ မရှိနှင့် မည်သို့ဖြေရှင်းဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းရာ ဒုတိယဝန်ကြီးက အဆိုပါကိစ္စရပ်များကို နိုင်ငံတော်သမ္မတကြီးနှင့် ဒုတိယသမ္မတ(၁)တို့က သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် အဖြေတမ်းအစည်းအဝေးပြုလုပ်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ၁၁၈ ခု လည်ပတ်လျက်ရှိကြောင်း၊ ဇုန်အတွင်း စက်ရုံများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရန် ဥပဒေနှင့် အညီ သွင်းကုန်များ လုံလောက်စွာတင်သွင်းနိုင်ရေး စီစစ်တင်ပြဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိတွင် ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိမှုနှင့် နိုင်ငံတော်၏ နိုင်ငံခြားငွေလိုအပ်ချက်တို့ကို စိစစ်ကာ သွင်းကုန်တင်သွင်းခွင့်ရရှိရန် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှု ကော်မတီသို့ တင်ပြဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချို့စက်ရုံများတွင် ဝယ်လိုအားများလာသည့်အခါ လက်ရှိတွင် ထုတ်လုပ်မှုအပေါ် အခြေခံသည့် (Production-based)စနစ်ဖြင့် စက်ရုံများ၏ ခြောက်လစာ ကုန်ကြမ်းနှင့် စက်ပစ္စည်းအစိတ်အပိုင်း လိုအပ်ချက်များကို စိစစ်တွက်ချက်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်များ ပိုမိုကောင်းမွန်တိုးတက်စေရန် နိုင်ငံတော်၏ လမ်းညွှန်ချက်၊ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

BBC သတင်းဌာနမှ ဦးထက်နိုင်ဇော် က မြန်မာနိုင်ငံအနေဖြင့် ICJ တရားရုံး၏ စီရင်ချက်ချမှတ်မှုကို လက်ခံခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီးက ICJ အမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ခုနှစ်နှစ်တာကာလအတွင်း တရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့် ကြားဖြတ်စီမံဆောင်ရွက်ချက်များကို ပျက်ကွက်မှုမရှိ အပြည့်အဝ လိုက်နာဆောင်ရွက်ခဲ့ကြောင်း၊ ယခုချမှတ်လိုက်သည့် စီရင်ချက်သည် တရားသူကြီး ၁၅ ဦးလုံး၏ တူညီဆန္ဒမဟုတ်ဘဲ ထောက်ခံမဲ ၉ မဲ၊ ကန့်ကွက်မဲ ၆ မဲဖြင့်သာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး တရားမျှတမှုမရှိကြောင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်စာမျက်နှာ ၁၈၆ မျက်နှာနှင့် တရားသူကြီးများ၏ စီရင်ချက် စာမျက်နှာ ၂၆၉ မျက်နှာတို့ကို အသေးစိတ် လေ့လာသုံးသပ်ပြီးမှသာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်ချက်ဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို တရားဝင် အသိပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံသည် Genocide Convention ကို စိတ်ရင်းအမှန်ဖြင့် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်း ၇၀၀၀ ကျော်ဝေးကွာပြီး OIC ကိုယ်စားတရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ် အမှန်များနှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ကြိုးပမ်းမှုများကို အထောက်အထား ခိုင်လုံစွာတင်ပြခဲ့ကြောင်း၊ ယခုစီရင်ချက်ပါ ကွဲပြားသော သဘောထားများကိုလေ့လာပြီး နိုင်ငံ၏ပကတိအခြေအနေ၊ အမျိုးသားလုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာ မထိပါးရေးတို့ကို အခြေခံ၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အာဆီယံအရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဝတ်မျက် ဆက်ဆံလျက်ရှိပြီး နှစ်နိုင်ငံချင်း(Bilateral) ဆက်ဆံရေးများတွင်လည်း အဆင်ပြေချောမွေ့လျက်ရှိကြောင်း၊ အာဆီယံထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဘုံသဘောတူညီချက် (၅)ရပ်တို့သည် အဖွဲ့ဝင်နိုင်ငံအားလုံး၏ စစ်မှန်သောသဘောတူညီချက် Consensus ဟုတ်၊ မဟုတ် မေးခွန်းထုတ်စရာရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြေအနေတစ်ခုချင်းစီ (Case by case)အပေါ် မူတည်၍ ပြန်လည်သုံးသပ်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

သတင်းစဉ်

မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် လူဦးရေစာရင်းများ မှန်ကန်စွာပြုစုဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

လာမည့် ၂၀၂၇ ခုနှစ် ဧပြီ ၄ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့်က စိစစ်ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) အရအသက် (၁၈)နှစ်နှင့်အထက် လူဦးရေစာရင်းများ၊ လစဉ်ပြောင်းဝင်/ပြောင်းထွက် လူဦးရေစာရင်းများနှင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် ရှိမည့် အသက် (၁၈)နှစ်ပြည့်ပြီးသူများ၏ လူဦးရေစာရင်းများ မှန်ကန်စွာပြုစုဆောင်ရွက်နိုင်ရေး ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်က လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်နေသည့် မဲဆန္ဒနယ်များပါဝင်သည့် မြို့နယ် ၅၀ ၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ယင်းမြို့နယ် ၅၀ ၏ မဲဆန္ဒနယ်အလိုက် မဲဆရင်းမှန်ကန်စေရန် တိကျမှန်ကန်သည့် အတည်ပြုလူဦးရေစာရင်းပြုစုနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဖွဲ့စည်းထားသည့် ကော်မတီအဆင့်ဆင့်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့် ရှိသူများ မကျန်ရှိစေရေးနှင့် မဲစာရင်းတွင် မပါဝင်ရမည့်သူများမပါရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လာမည့်ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက သတ်မှတ်ကာလအတွင်း အတည်ပြုလူဦးရေစာရင်းများ ပေးပို့ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များအပေါ် ဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၂၇) သင်တန်းဆင်း



ရန်ကုန် နိုဝင်ဘာ ၂၀

အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၂၇)၏ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပါမောက္ခချုပ်ဦးကျော်ထွေးက သင်တန်းသား စံပြဆု၊ သင်တန်းသူစံပြဆု၊ စာပေထူးချွန်ဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ သင်တန်းသား စစ်ရေးပြထူးချွန်ဆု၊ သင်တန်းသူစစ်ရေးပြထူးချွန်ဆုရရှိသူ သင်တန်းသား သင်တန်းသူ ခြောက်ဦးအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်း အသီးသီးမှ သင်တန်းသား ၉၆ ဦး၊ သင်တန်းသူ ၁၀၉ ဦး စုစုပေါင်း ၂၀၅ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ သြဂုတ် ၃၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နောင်ချိုမြို့နယ်၌ ရှေ့ပြေးတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်း မြေပြင်ကွင်းဆင်းဆောင်ရွက်

နောင်ချို နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဒီဇင်ဘာလအတွင်း တိရစ္ဆာန်ကောင်ရေစာရင်းအပြီးသတ်ကောက်ယူနိုင်ရေးအတွက် ရှေ့ပြေးတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို နိုဝင်ဘာ ၁၈ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် လုံခုံးကျေးရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရန် အတည်ပြုရွေးချယ်ထားသော ရပ်ကွက်/ကျေးရွာအုပ်စုမှ ဆင့်ပွားသင်တန်းဆင်း စာရင်းကောက်တာဝန်ခံများဖြင့် ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသီဟလှိုင်၊ နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အဆင့်လုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာအုပ်စုမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ပြီး လုံခုံးကျေးရွာရှိ အိမ်ထောင်စု ၈၀ ကို ရှေ့ပြေးတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ်၌ အယ်လ်နီညိုကြောင့် ရေရှားပါးပြတ်လပ်မှုမရှိစေရေး အသိပညာပေး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သစ်နီခွဲကျေးရွာတွင် အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ရေကို စနစ်တကျချွေတာသုံးစွဲရန်နှင့် အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးပြတ်လပ်မှုသတိပေးနှိုးဆော်ချက်များကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

တေဇာလင်း



သီပေါမြို့၌ မြို့နယ်အဆင့်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း ဆင့်ပွားသင်တန်းဖွင့်

သီပေါ နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်း ဆင့်ပွားသင်တန်း (၂/၂၀၂၆)ကို ယမန်နေ့နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဖွင့်လှစ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရာတွင် မေးမြန်းဖြည့်သွင်းရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပို့ချသည်။

ဆက်လက်၍ ရွာသစ်ကျေးရွာအုပ်စု နားမုံကျေးရွာအတွင်းရှိ အိမ်ထောင်စု ၇၀ တွင် သင်တန်းသားများနှင့်အတူ လက်တွေ့ကွင်းဆင်း ရှေ့ပြေးစာရင်းကောက်ယူခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လသာမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

လသာ နိုဝင်ဘာ ၂၀

ရန်ကုန် တိုင်းဒေသကြီး လသာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်း ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်က လသာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ခိုင်ဇာလှိုင်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



နေလင်း(ပြန်/ဆက်)

■

(၃၇)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့(ကမ္ဘာ့ကလေးများနေ့)အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၀

(၃၇)ကြိမ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်ပတ်လည်နေ့(ကမ္ဘာ့ကလေးများနေ့)အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်က ကလေးများ ဗလငါးတန် ဖွံ့ဖြိုးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မူလတန်းကြိုကျောင်း ၁၅၂ကျောင်း၊ အသိအမှတ်ပြု ကိုယ့်အား ကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၂၁ကျောင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများအား တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေး၍ ဖွင့်လှစ်ခွင့်ပြုပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ အသက် ၁၈ နှစ်အောက် ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော ကလေးသူငယ်များနှင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော ကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်း ၁၁ ကျောင်းကို ဖွင့်လှစ်စောင့်ရှောက်၍ စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာများ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများကို ဖော်ဆောင်ပေးရာတွင် မသန်စွမ်းကလေးသူငယ်များ ကျန်ရစ်ခြင်းမရှိစေရန် အတွက် အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်းရှိ မသန်စွမ်း ကလေးသူငယ်များအတွက် မျက်မြင်ကျောင်း နှစ်ကျောင်း၊ နားမကြားသော ကလေးများကျောင်း နှစ်ကျောင်း၊ မသန်စွမ်းသင်ကယ်သင်တန်းကျောင်း၊ မသန်စွမ်းပြုစုစောင့်ရှောက်ရေးဂေဟာ နှစ်ခုတို့ကို ဖွင့်လှစ်ထားပြီး အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိပါကြောင်း။

ထို့ပြင် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ် (Maternal and Child Cash Transfer Program-MCCT)ကို တိုင်းဒေသကြီး/ပြည်နယ် ခုနှစ်ခုတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထု၏ လူမှုရေးရာဖြစ်ရပ်များကို အကူအညီတောင်းခံခြင်း၊ တိုင်ကြားခြင်းများကို အလွယ်တကူ ဆောင်ရွက်နိုင်ရန်အတွက် Help Line ဖုန်းနံပါတ် 1566 ကို ၂၄ နာရီ ဖွင့်လှစ်ထားရှိပြီး စနစ်တကျ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် အတွက်လည်း လူမှုရေးစီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ် (Social Management Information System-SMIS)ကို တည်ထောင်ထား၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်(ASEAN Commission on the Promotion and Protection of the Rights of Women and Children - ACWC)တွင် ကလေးသူငယ် အခွင့်အရေးကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် ကမ္ဘာ့ကလေးများနေ့ ဆောင်ပုဒ်ဖြစ်သည့် **" My day. My rights. My future." "ကလေးများ အနာဂတ်လုပ်ရေး နေ့စဉ် အခွင့်အရေးများ မြှင့်တင်ပေး"** ဖြစ်ပါကြောင်း၊ ကလေးများ၏ အတွေးအခေါ်၊ အကြံဉာဏ်နှင့် ဖန်တီးနိုင်စွမ်းများကို အသိအမှတ်ပြုပေးရန်နှင့် ကလေးများကိုယ်တိုင်ပါဝင်ပြီး မသန်စွမ်းကလေးများအပါအဝင် အားလုံးအကျုံးဝင်သော လူမှုအသိုက်အဝန်းတစ်ရပ်ကို တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသပြီး နေပြည်တော် ကလေးပြုစုရေးစင်တာနှင့် မူလတန်းကြိုကျောင်းများမှ ကလေးများက သရုပ်ဖော်တင်ဆက်ကပြခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် ကလေးများအား လက်ဆောင်ပစ္စည်း ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မွန်ပြည်နယ်၌ (၃၇)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့ (ကမ္ဘာ့ကလေးများနေ့) အခမ်းအနား ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၀

(၃၇)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ (ကမ္ဘာ့ကလေးများနေ့)အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက မွန်ပြည်နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနက ဌာနပိုင်မူကြိုကျောင်း ခုနစ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၉၆ ကျောင်း၊ ပုဂ္ဂလိကမူကြိုကျောင်း ၁၁၄ ကျောင်းနှင့် မိခင်ပိုင်း လေးပိုင်း ဖွင့်လှစ်၍ ရှေးဦးအရွယ် ကလေးသူငယ်ပေါင်း ၈၃၁၂ ဦး၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်ပြည့်ဝသော ကလေးလူငယ်များ ဖြစ်စေရေး ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ကလေးသူငယ်တိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ပြီး ဘေးကင်းလုံခြုံ၍ အရည်အသွေးပြည့်ဝသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် မိဘ၊ ဆရာ၊ မိသားစုဝင်များ၊ လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မူလတန်းကြိုကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကလေးငယ်များအား ဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး (၃၇)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့(ကမ္ဘာ့ကလေးများနေ့) အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက မူလတန်းကြိုကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကလေးငယ်များအား ဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးအဆင့် National Digital Award - 2026 (Educational Project & Skills Competition) ပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ဒီဂျစ်တယ် နည်းပညာဆိုင်ရာ တီထွင် ဖန်တီးနိုင်စွမ်းနှင့် ကျွမ်းကျင်မှုများ မြှင့်တင်ရန် ရည်ရွယ်ကျင်းပသည့် National Digital Awards - 2026 (Educational Project & Skills Competition) ရန်ကုန်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများကို ယနေ့နံနက် ပိုင်းတွင် အထက(၄) အလုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို ရန်ကုန်တိုင်း တိုင်းပညာရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပါသနာရှင်အသင်း(YRCEA) တို့မှ ပူးပေါင်းကျင်းပပြီး ရန်ကုန်တိုင်း ဒေသကြီး ကွန်ပျူတာပါသနာရှင် အသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အဆင့် ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးခဲ့ကြသည်။

တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများကို အထက(၄)အလုံ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး မူလတန်းအဆင့် ၉၂ ဦး၊ အလယ်တန်းအဆင့် ၄၀၊ အထက်တန်းအဆင့် ၂၀၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်း များအဖွဲ့ ရှစ်ဖွဲ့ စုစုပေါင်း ၁၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲသို့ တက်ရောက် ယှဉ်ပြိုင်နိုင်ရန် နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ခရိုင်စု ခြောက်စု သတ်မှတ်၍ နေရာ ခြောက်နေရာတွင် ခရိုင်အဆင့် ပြိုင်ပွဲများကို ဦးစွာကျင်းပခဲ့ပြီး ခရိုင်အဆင့်ပြိုင်ပွဲများမှ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တိုင်းဒေသကြီးအဆင့်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည့်အပြင် ကျန်ပြိုင်ပွဲဝင်များအနက် သတ်မှတ် Grading ရမှတ် ပြည့်မီသူများကိုလည်း တိုင်းဒေသကြီးအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခွင့် ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်း များ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရေးဝန်ကြီးဌာန၏ သင်ရိုး ညွှန်းတမ်းကို အသုံးပြုသင်ကြား နေသော ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးဒီဂရီ ကောလိပ်မှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြသည်။



ပြိုင်ပွဲအမျိုးအစား ငါးမျိုး သတ်မှတ်ထားပြီး မူလတန်းအဆင့် ပြိုင်ပွဲအမျိုးအစား (၁)- Digital Creativity or Other Skills၊ မူလတန်းအဆင့် ပြိုင်ပွဲအမျိုးအစား(၂)- Junior Block Coding၊ အလယ်တန်းအဆင့်- Multimedia Creation, Tools and/or Other Skills၊ အထက်တန်းအဆင့်- Computing and/or Other Skills၊ ဆရာအဆင့်/ပညာရေးဝန်ထမ်းအဆင့် - Digital Project & Skills Competition ရန်ကုန်တိုင်းဒေသကြီးပြိုင်ပွဲနှင့် ခရိုင်အဆင့်ပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုပေးပွဲ ကျင်းပပေးမည် ဖြစ်ပြီး ကျင်းပရက်ကို အချိန်မီထုတ်ပြန် ကြေညာသွားမည်ဖြစ်သည်။

ရန်ကုန် တိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များမှ အကောင်းဆုံး နှစ်ဦးစီသည် ဗဟိုအဆင့်အနေဖြင့် နေပြည်တော် ၌ ဒီဇင်ဘာ ၂ ရက်တွင် သွားရောက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

မြို့ပြအလှအပနှင့် အများပြည်သူသုံးနေရာများ ထိန်းသိမ်းပြုပြင်ခြင်း

မြို့ပြများဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြို့ပြအလှအပနှင့် အများပြည်သူသုံးနေရာများသည် မြို့နေလူထု၏ လူနေမှုအဆင့်အတန်းကို တိုင်းတာရာတွင် အရေးပါသော အညွှန်းကိန်းများဖြစ်လာပါသည်။ မြို့ပြတစ်ခု၏ဆွဲဆောင်မှုသည် မိုးမျှော်တိုက်ကြီးများရှိနေရုံဖြင့် မပြည့်စုံဘဲ ထိုမြို့၏လမ်းမများ၊ ပန်းခြံများ၊ လူသွားစင်္ကြံများနှင့် အပန်းဖြေနေရာများ မည်မျှသန့်ရှင်းသာယာလှပသနည်းဆိုသည့်အချက်ပေါ်တွင် များစွာမူတည်နေပါသည်။



ခေတ်မီမြို့ပြစီမံခန့်ခွဲမှုတွင် IoT ဆင်ဆာများနှင့် AI နည်းပညာများ ပေါင်းစပ်အသုံးပြုပုံကို ဖော်ပြထားသည့် စမတ်စီးတီး အခြေခံအဆောက်အအုံပြပုံကြမ်း။

ဝေဖြိုးအောင်

ဒီဂျစ်တယ်အုပ်ချုပ်ရေးစနစ်များကို အသုံးပြု၍ ပြည်သူလူထုက မြို့ပြအလှအပထိခိုက်မှုများ (ဥပမာ – လမ်းချိုင့်ခွက်ဖြစ်ခြင်း၊ ရေပိုက်ပေါက်ခြင်း၊ အမှိုက်ပုံများရှိနေခြင်း) ကို မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် စည်ပင်သာယာရေးဌာနသို့ တိုက်ရိုက်ဓာတ်ပုံရိုက်၍ တိုင်ကြားနိုင်သောစနစ်များကို တည်ဆောက်သင့်ပါသည်။ ဤသို့ နည်းပညာကို အသုံးချခြင်းဖြင့် မြို့ပြအုပ်ချုပ်ရေးယန္တရားသည် ပြည်သူနှင့်ပိုမိုနီးကပ်လာပြီး ထိရောက်မြန်ဆန်သော ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာသာဓကများနှင့် သင်ခန်းစာများ

အများပြည်သူသုံးနေရာများ ထိန်းသိမ်းပြုပြင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာမှ အောင်မြင်သော သာဓကများကိုလေ့လာရာတွင် ရုရှားနှင့် တရုတ်နိုင်ငံတို့၏ မြို့ပြစီမံခန့်ခွဲမှုပုံစံများသည် များစွာစိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ရုရှားနိုင်ငံ၏ မြို့တော် မော်စကိုသည် ကမ္ဘာပေါ်တွင် အလှပဆုံးသော အများပြည်သူသုံးရင်ပြင်များနှင့် သမိုင်းဝင်ဗိသုကာလက်ရာများကို ပိုင်ဆိုင်ထားသောမြို့ကြီးဖြစ်ပါသည်။ မော်စကိုမြို့၏ထူးခြားချက်မှာ ပြင်းထန်သော ဆောင်းရာသီ နှင်းကျချိန်များတွင်ပင် လမ်းမများနှင့် လူသွားစင်္ကြံများကို အမြဲတမ်း ရှင်းလင်းနေစေရန် စက်ယန္တရားကြီးများ၊ နှင်းအရည်ပျော်စေသောနည်းပညာများနှင့် စနစ်ကျသော အလုပ်သမားအင်အားကို အသုံးပြု၍ ၂၄ နာရီ ပတ်လုံး ရှင်းလင်းထိန်းသိမ်းနိုင်စွမ်းပင်ဖြစ်ပါသည်။ ထို့ပြင် “Active Citizen”ဟုခေါ်သော အွန်လိုင်း ပလက်ဖောင်းကိုအသုံးပြု၍ မြို့ပြအလှဆင်ခြင်း စီမံကိန်းများတွင်ပြည်သူများ၏ဆန္ဒမဲကိုကောက်ယူကာ အကောင်အထည်ဖော်လျက်ရှိပါသည်။

တရုတ်နိုင်ငံတွင်မူ လျင်မြန်သော မြို့ပြတိုးချဲ့မှုနှင့်အတူ ကြုံတွေ့လာရသည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကို ကုစားရန် “ဂေဟစနစ် မြို့ပြတည်ဆောက်ရေး”ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ပေကျင်းနှင့် ရှန်ဟိုင်းကဲ့သို့သော မြို့ကြီးများတွင် ရေရှည်ပစ်ထားခဲ့သော စက်ရုံဟောင်းနေရာများကို ခေတ်မီ စမတ်ပန်းခြံများ အဖြစ် အသွင်ပြောင်းဖန်တီးခဲ့ကြပါသည်။ ထိုပန်းခြံများတွင် လေထုသန့်စင်ပေးသော နည်းပညာများ၊ နေရောင်ခြည်စွမ်းအင်သုံးလမ်းမီးတိုင်များနှင့် ဉာဏ်ရည်တု (AI) သုံး အားကစားကိရိယာများကို တပ်ဆင်ထားပါသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ မြို့ပြအုပ်ချုပ်ရေးတွင် ဒေတာကြီးများနှင့် ကွပ်ကဲမှုစင်တာများကို အသုံးပြု၍ အများပြည်သူသုံးနေရာများ၏ လုံခြုံရေးနှင့် သန့်ရှင်းရေးကို ထိန်းချုပ်လျက်ရှိပါသည်။ ဤရုရှားနှင့် တရုတ်နိုင်ငံတို့၏သာဓကများကို လေ့လာခြင်းဖြင့် မြို့ပြအလှအပနှင့် အများပြည်သူသုံးနေရာများကိုထိန်းသိမ်းရာတွင် အုပ်ချုပ်ရေးပိုင်း၏ခိုင်မာသော နိုင်ငံရေးဆန္ဒ၊ နည်းပညာရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူ့အသိုက် နားထောင်သောစနစ်များ မရှိမဖြစ်လိုအပ်ကြောင်း သင်ခန်းစာရယူနိုင်ပါသည်။

ပြည်သူလူထုပူးပေါင်းပါဝင်မှု ယဉ်ကျေးမှု

အများပြည်သူသုံးနေရာများကို ထိန်းသိမ်းခြင်းသည် အစိုးရနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများ၏ တာဝန်သက်သက်သာမဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပါသည်။ မည်မျှပင် ခေတ်မီသော နည်းပညာများ၊ များပြားသောဘတ်ဂျက်ငွေများ အသုံးပြုစေကာမူ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ယဉ်ကျေးမှုမရှိပါက မြို့ပြအလှအပသည် ရေရှည်တည်တံ့နိုင်မည်မဟုတ်ပါ။

စာမျက်နှာ ၁၅ သို့ ☆

အများပြည်သူသုံး နေရာများဆိုသည်မှာ လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာမရွေး လွတ်လပ်စွာ ဝင်ထွက်သွားလာ အသုံးပြုနိုင်သော နေရာများကို ဆိုလိုပါသည်။ ယင်းနေရာများကို တည်ဆောက်ရုံဖြင့်မပြီးဘဲ ရေရှည်ခိုင်ခံ့အောင်နှင့် အမြဲတမ်းသန့်ရှင်းသာယာနေစေရန် ထိန်းသိမ်းပြုပြင်ခြင်းသည် စည်ပင်သာယာရေးအဖွဲ့အစည်းများအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတကာမြို့ပြအုပ်ချုပ်ရေးအတွေ့အကြုံများအရ ထိန်းသိမ်းမှုအားနည်းသော အများပြည်သူသုံးနေရာများသည် မူခင်းဖြစ်ပွားရာ နေရာများ၊ အမှိုက်ပုံများနှင့် ကျန်းမာရေးနှင့် မညီညွတ်သောနေရာများအဖြစ်သို့ အလွယ်တကူ ပြောင်းလဲသွားနိုင်ကြောင်း တွေ့ရပါသည်။

အများပြည်သူသုံးနေရာများ၏ အရေးပါမှုနှင့် မြို့ပြအလှအပ

အများပြည်သူသုံးနေရာများတွင် ပန်းခြံများ၊ မြို့လယ်ရင်ပြင်များ၊ လမ်းဘေးလူသွားစင်္ကြံများ၊ မြစ်ကမ်းဘေးလျှောက်လမ်းများနှင့် အများပြည်သူနားနေနိုင်သော ခုံတန်းလျားများပါဝင်ပါသည်။ ဤနေရာများသည် မြို့ပြ၏အသက်ရှူပေါက်များဖြစ်သကဲ့သို့ မြို့နေလူထု၏လူမှုဆက်ဆံရေးကို မြှင့်တင်ပေးသော လူမှုရေးအခြေခံအဆောက်အအုံများလည်းဖြစ်ပါသည်။ မြို့ပြအလှအပဆိုသည်မှာ အမြင်အာရုံကို ပသာဒဖြစ်စေရုံသာမက စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကိုပါ ပေးစွမ်းနိုင်ခြင်းဖြစ်ပါသည်။ လမ်းဘေး၀ဲ၊ ယာရှိ သစ်ပင်ပန်းမန်များကို စနစ်တကျ ပုံသွင်းကတ်ကြေးကိုက်ခြင်း၊ အမှိုက်ကင်းစင်သော လမ်းမများဖန်တီးခြင်း၊ ညဘက်တွင် လုံခြုံမှုပေးနိုင်သောအလှဆင်မီးများ တပ်ဆင်ခြင်းတို့သည် မြို့ပြအလှအပကို တိုက်ရိုက်ဖော်ဆောင်ပေးပါသည်။ မြို့ပြအလှအပပြည့်စုံသောမြို့များသည် ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်နိုင်ရုံသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်နိုင်စွမ်းရှိပါသည်။

သို့သော် မြို့ပြအလှအပကို ဖန်တီးရာတွင် ဒေသခံတို့၏ယဉ်ကျေးမှု၊ ရာသီဥတုနှင့် ကိုက်ညီသော ဗိသုကာလက်ရာများ၊ သစ်ပင်ပန်းမန်မျိုးစိတ်များကို ရွေးချယ်အသုံးပြုရန် လိုအပ်ပါသည်။ သမိုင်းဝင် အဆောက်အအုံများကို မူလလက်ရာမပျက် ထိန်းသိမ်းခြင်းသည်လည်း မြို့ပြအလှအပ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ဤသို့ ဘက်စုံထောင့်စုံမှစဉ်းစား၍ အများပြည်သူသုံးနေရာများကို ပုံဖော်ခြင်းသည် ခေတ်မီမြို့ပြ စီမံကိန်းရေးဆွဲခြင်း၏ အနှစ်သာရပင်ဖြစ်ပါသည်။

မြို့ပြအလှအပ၊ အများပြည်သူသုံးနေရာများနှင့် ပြည်သူ့ကျန်းမာရေး

အများပြည်သူသုံးနေရာများကို သန့်ရှင်းသာယာအောင် ထိန်းသိမ်းခြင်းသည် ပြည်သူ့ကျန်းမာရေးနှင့် တိုက်ရိုက်အချိုးကျနေပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော မြို့ပြပတ်ဝန်းကျင်တွင် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန် လုံလောက်သောနေရာများ၊ သန့်ရှင်းသောလေထုနှင့် ဘေးကင်းလုံခြုံသော လမ်းလျှောက်လမ်းများ ပါဝင်ရပါမည်။ ညစည်မ်းမှုကင်းစင်သော ပန်းခြံများသည် ပြည်သူများအတွက် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းတို့ကိုပြုလုပ်ရန် အကောင်းဆုံးနေရာများဖြစ်ရာ မကူးစက်နိုင်သောရောဂါများဖြစ်သည့် နှလုံး၊ ဆီးချိုနှင့် သွေးတိုးရောဂါများကို ကြိုတင်ကာကွယ်ပေးပါသည်။

ထို့ပြင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက်လည်း အလွန်အရေးပါလှပါသည်။ မြို့ပြ၏ ဆူညံသံများ၊ ကွန်ကရစ်တောများကြားတွင် နေထိုင်ရသော ပြည်သူများအတွက် စိမ်းလန်းသော ပန်းခြံများနှင့် လှပသောရေကန်များသည် စိတ်ဖိစီးမှုကိုလျော့ကျစေပြီး စိတ်ဓာတ်ကျဆင်းမှုများကို သက်သာစေပါသည်။ အများပြည်သူသုံးနေရာများတွင် အများသုံးသန့်စင်ခန်းများကို သန့်ရှင်းစွာထားရှိပေးခြင်းသည်လည်း ကူးစက်ရောဂါများ ပြန့်ပွားမှုကို တားဆီးရန်အတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်ဖြစ်ပါသည်။

အမှိုက်သိမ်းဆည်းမှုစနစ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

မြို့ပြအလှအပကို ဖျက်ဆီးတတ်သော အဓိကတရားခံမှာ စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များပင်ဖြစ်ပါသည်။ အများပြည်သူသုံးနေရာများ အမြဲတမ်းသန့်ရှင်းနေစေရန်အတွက် ခေတ်မီပြီး ထိရောက်သော အမှိုက်သိမ်းဆည်းမှုစနစ်ကို တည်ဆောက်ထားရန် လိုအပ်ပါသည်။ လမ်းဘေးလူသွားစင်္ကြံများ၊ ပန်းခြံများနှင့် ဘတ်စ်ကားမှတ်တိုင်များတွင် အမှိုက်အမျိုးအစားခွဲခြားနိုင်သော အမှိုက်ပုံးများကို အကွာအဝေး မျှတလုံလောက်စွာ ချထားပေးရပါမည်။ အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းစဉ်တွင် စည်ပင်သာယာရေးဝန်ထမ်းများ၏ နေ့စဉ် ပုံမှန်ရှင်းလင်းမှုအပြင် ပြည်သူလူထုကိုယ်တိုင်က အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူရန်လည်း အလွန်အရေးကြီးပါသည်။ ထို့ကြောင့် **“မိမိအမှိုက် မိမိသိမ်းပါ”၊ “ပလတ်စတစ်ကင်းစင်ရေး”** စသည့် အသိပညာပေးလှုံ့ဆော်မှုများကို လူထုလှုပ်ရှားမှုများအဖြစ် စဉ်ဆက်မပြတ် လုပ်ဆောင်သင့်ပါသည်။

ထို့ပြင် မြို့ပြသန့်ရှင်းရေးတွင် ရေစီးရေလာကောင်းမွန်ရေးသည်လည်း အရေးပါလှပါသည်။ ရေနုတ်မြောင်းများအတွင်း အမှိုက်များပိတ်ဆို့ခြင်းကြောင့် မိုးရာသီတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ မြို့ပြအလှအပကိုသာမက ပြည်သူ့ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် မိုးရာသီမတိုင်မီ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းကို စည်ပင်သာယာရေးအဖွဲ့များက ကြိုတင်စီမံချက်များဖြင့် မဖျက်မကွက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အများပြည်သူသုံးနေရာများ ထိန်းသိမ်းခြင်းနှင့် မြို့ပြအုပ်ချုပ်ရေး

အများပြည်သူသုံးနေရာများကို အသစ်တည်ဆောက်ခြင်းထက် ရှေ့ဆက်တည်တံ့အောင် ထိန်းသိမ်းပြုပြင်ခြင်းသည် မြို့ပြအုပ်ချုပ်ရေး၏ အဓိကစမ်းသပ်ချက်ဖြစ်ပါသည်။ ဥယျာဉ်ပန်းခြံများ၌ ဆော့ကစားစရာများ ကျိုးပဲ့ပျက်စီးနေခြင်း၊ လမ်းမီးတိုင်များမလင်းတော့ခြင်း၊ ခုံတန်းလျားများ ဆွေးမြည့်နေခြင်းတို့မဖြစ်အောင် နှစ်စဉ် ဘတ်ဂျက်လျာထားရာတွင် အသစ်တည်ဆောက်ခြင်း ခေါင်းစဉ်အပြင် **‘ထိန်းသိမ်းပြုပြင်ရေးခေါင်းစဉ်’** အတွက် လုံလောက်သောရန်ပုံငွေကို တင်ပြရပါမည်။

ပုံမှန်စစ်ဆေးပြုပြင်ခြင်းကို ဆောင်ရွက်ခြင်းဖြင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ပြီး ရေရှည်တွင် ကုန်ကျစရိတ်ကို ပိုမိုသက်သာစေပါသည်။ မြို့ပြအုပ်ချုပ်ရေးတွင် အရေးပါသော နောက်တစ်ချက်မှာ အများပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးခြင်းကို ကာကွယ်တားဆီးရေးပင်ဖြစ်ပါသည်။ အလှဆင်မီးများကိုဖျက်ဆီးခြင်း၊ နံရံများတွင် စည်းကမ်းမဲ့ စာရေးဆွဲခြင်းတို့ကို တားဆီးနိုင်ရန် အတွက် လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဥပဒေအရ ထိရောက်စွာအရေးယူခြင်းများ လုပ်ဆောင်ရပါမည်။ ပြည်သူပိုင်ပစ္စည်းကို တန်ဖိုးထားတတ်သည့်စိတ်ဓာတ်ကို ကျောင်းသားလူငယ်များအကြား တွင် ပြုစုပျိုးထောင်ပေးခြင်းသည်လည်း ရေရှည်ဖြေရှင်းနည်းတစ်ရပ်ဖြစ်ပါသည်။

စမတ်စီးတီးနည်းပညာများဖြင့် ထိန်းသိမ်းခြင်း

ခေတ်မီမြို့ပြစီမံခန့်ခွဲမှုတွင် သမားရိုးကျလူအင်အားဖြင့်သာ ထိန်းသိမ်းခြင်းထက်၊ စမတ်စီးတီးနည်းပညာများကို ပေါင်းစပ်အသုံးပြုလာကြပြီဖြစ်ပါသည်။ အများပြည်သူသုံးနေရာများတွင် IoT (Internet of Things) ဆင်ဆာများကို တပ်ဆင်အသုံးပြုခြင်းဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို များစွာလွယ်ကူထိရောက်စေပါသည်။ ဥပမာ အားဖြင့် လမ်းမီးတိုင်များတွင် စမတ်ဆင်ဆာများ တပ်ဆင်ထားပါက လူမရှိချိန်တွင် အလင်းရောင် လျော့ချပေးပြီး မီးသီးကျွမ်းသွားပါက ဗဟိုထိန်းချုပ်ခန်းသို့ အလိုအလျောက် သတင်းပို့ပေးနိုင်ပါသည်။

သန့်ရှင်းရေးကဏ္ဍတွင်လည်း စမတ်အမှိုက်ပုံးများကို အသုံးပြုနိုင်ပါသည်။ ယင်းအမှိုက်ပုံးများ အမှိုက်ပြည့်သွားပါက အမှိုက်သိမ်းယာဉ်များ ထံသို့ အချက်ပြသတင်းပို့ပေးသဖြင့် အမှိုက်သိမ်းဆည်းမှုခရီးစဉ်ကို တွက်ချက်ပေးကာ လောင်စာဆီနှင့် အချိန်ကုန်သက်သာစေပါသည်။ ထို့ပြင် မြို့ပြရင်ပြင်များနှင့် **ပန်းခြံများတွင် AI** နည်းပညာသုံး CCTV ကင်မရာများ တပ်ဆင်ထားခြင်းဖြင့် မူခင်းဖြစ်ပွားမှုများနှင့် အများပြည်သူပိုင် ပစ္စည်းဖျက်ဆီးမှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်တားဆီးနိုင်မည်ဖြစ်ပါသည်။

ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက လယ်ယာမြေစီမံခန့်ခွဲမှု ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးတို့ကို ရှေးရှု၍ တည်ဆဲ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်စပ်ပတ်သက်သည့်ဌာန၊ အဖွဲ့ အစည်းအားလုံးနှင့် ချိတ်ဆက်ပြီး အောင်မြင်မှုရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။



အမှာစကားပြောကြား

ထို့နောက် ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးက ဆုံးဖြတ်ရန်အမှုတွဲများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးဆုံးဖြတ်ကြပြီး တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးကာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

(၂၀၂၆)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှိုးနှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေး ကြေညာချက်

၁။ (၂၀၂၆)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူစွမ်းအား အရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှိုးနှယ် တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page၊ Website (www.moh. gov. mm)၊ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Facebook Page၊ Website (www.hrh.gov. mm)၊ အဆင့်မြင့်ပညာဦးစီးဌာန၏ Website နှင့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို (၁-၁၂-၂၀၂၆) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၉-၁၁-၂၀၂၆) ရက်နေ့မှစတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၂၀-၁၁-၂၀၂၆)

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) နေ့သင်တန်းများ ဖွင့်လှစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ဘွဲ့ကြိုသင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်နေ့မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်နေ့မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

✳ M-League II မှ

ခြေစွမ်းအရ ကွာခြားမှုမရှိသည့်နှစ်သင်း တွေ့ဆုံသောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၃၉ မိနစ်တွင် လှမင်းအောင်က ရာမည်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် Elite Kings အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၈၁ မိနစ်တွင် ရာမည်ယူနိုက်တက်အသင်းမှ မြတ်နိုးလွင်က ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ဂိုးပြန်ရသော်လည်း ပွဲပြီးခါနီးတွင် OG သွင်းမိခဲ့သည့် မြတ်နိုးလွင်က ရာမည်ယူနိုက်တက်အသင်း အတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရာမည်ယူနိုက်တက်အသင်း နောက်ခံလူ ဝဏ္ဏဇော်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေး ငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၆) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ပဒုမ္မာ ကွင်း၌ ကျင်းပမည်ဖြစ်ပြီး Junior Lions အသင်းနှင့် Asia Lion အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MLeague

☆ စာမျက်နှာ ၁၄ မှ

ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် **"မိမိရပ်ကွက် မိမိပန်းခြံ"**ဟူသော ပိုင်ဆိုင်မှုစိတ်ဓာတ်ကို မွေးမြူပေးရပါမည်။ ရပ်ကွက်နေပြည်သူများ၊ လူငယ်အဖွဲ့အစည်းများ ပါဝင်သော စေတနာ့ဝန်ထမ်းပန်းခြံစောင့်ရှောက်ရေး အဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင် စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းတို့ကို အားပေးမြှင့်တင်သင့်ပါသည်။

ထို့ပြင် မြို့ပြစီမံကိန်းအသစ်များ ရေးဆွဲရာတွင်ဖြစ်စေ၊ အများပြည်သူသုံးနေရာများကို ပြုပြင်မွမ်းမံရာတွင်ဖြစ်စေ ဒေသခံပြည်သူများ၏ အကြံဉာဏ်နှင့် လိုအပ်ချက်များကို ကြိုတင်တောင်းခံခြင်းသည် အလွန်အရေးကြီးပါသည်။ ပြည်သူများ လိုလားသောဒီဇိုင်းနှင့် အသုံးအဆောင်များကို ဖန်တီးပေးခြင်းဖြင့် ထိုနေရာများကို ပိုမိုတန်ဖိုးထားအသုံးပြုလာကြမည်ဖြစ်ပြီး ဖျက်ဆီးမှုများလည်း ကင်းဝေးသွားမည်ဖြစ်ပါသည်။

ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ

မြို့ပြအလှအပနှင့် အများပြည်သူသုံးနေရာများ ထိန်းသိမ်းပြုပြင်ရေးကဏ္ဍကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ပါမူဝါဒရေးရာ အကြံပြုချက်များကို အကောင်အထည်ဖော်သင့်ပါသည်-

ပထမအချက်အနေဖြင့် မြို့ပြမြေယာစီမံခန့်ခွဲမှုတွင် အများပြည်သူအပန်းဖြေရန်အတွက် စိမ်းလန်းစိုစိုယာအချိုးအစားကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားရန် လိုအပ်ပါသည်။ အဆောက်အအုံသစ်များ၊ မြို့ကွက်သစ်များဖော်ထုတ်ရာတွင် မဖြစ်မနေ ပန်းခြံနှင့် လဟာပြင်နေရာများ ထည့်သွင်းတည်ဆောက်စေရန် ဥပဒေဖြင့် တင်းကျပ်စွာထိန်းချုပ်ရပါမည်။

ဒုတိယအချက်အနေဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေရှာဖွေရေးတွင် အစိုးရဘတ်ဂျက်တစ်ခုတည်းကိုသာ အားမကိုးဘဲ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်သင့်ပါသည်။ ဥပမာအားဖြင့် ပုဂ္ဂလိက ကုမ္ပဏီကြီးများ၏ လူမှုအကျိုးပြုရန်ပုံငွေဖြင့် မြို့ပြရင်ပြင်များနှင့် ပန်းခြံများကို **"မွေးစားထိန်းသိမ်းသည့်စနစ်"**များကို တွင်ကျယ်စွာ ကျင့်သုံးသင့်ပါသည်။ သို့မှသာ စည်ပင်သာယာရေးအဖွဲ့များအတွက် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး လျော့ကျစေပြီး ထိန်းသိမ်းမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ပါသည်။

တတိယအချက်မှာ ဌာနဆိုင်ရာများအကြား ပူးပေါင်းညှိနှိုင်းမှုကို အားကောင်းစေရန်ဖြစ်ပါသည်။ လမ်းဖောက်လုပ်ရေး၊ ရေပေးဝေရေး၊ လျှပ်စစ်မီးလင်းရေးနှင့် ဆက်သွယ်ရေးကေဘယ်ကြိုးများ သွယ်တန်းရေးဌာနများအကြား ကြိုတင်ညှိနှိုင်းမှု မရှိပါက ပြီးခါစလမ်းများနှင့် လူသွားစင်္ကြံများကို ပြန်လည်တူးဆွခြင်းများ မကြာခဏ ဖြစ်ပေါ်လေ့ ရှိပြီး မြို့ပြအလှအပကို ဆိုးရွားစွာထိခိုက်စေပါသည်။ ထို့ကြောင့် လုပ်ငန်းစီမံကိန်းများကို ဗဟိုမှ ပေါင်းစပ်ညှိနှိုင်းပေးမည့် တိကျသောအုပ်ချုပ်မှုယန္တရားတစ်ခုတည်ဆောက်ထားရန် မရှိမဖြစ် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မြို့ပြအလှအပနှင့် အများပြည်သူသုံးနေရာများဆိုသည်မှာ မြို့တစ်မြို့၏ ရုပ်ဆင်းအင်္ဂါသာမက ထိုမြို့တွင် နေထိုင်ကြသော ပြည်သူများ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အုပ်ချုပ်သူများ၏ စီမံခန့်ခွဲမှုစွမ်းရည်ကို ထင်ဟပ်ပြသနေသော ကြေးမုံပြင်တစ်ချပ်ပင်ဖြစ်ပါသည်။ လှပသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော အများပြည်သူသုံးနေရာများသည် ပြည်သူတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သကဲ့သို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုပါသည်။



တရုတ်နိုင်ငံ၏ ဂေဟစနစ် မြို့ပြတည်ဆောက်ရေးနှင့် စမတ်နည်းပညာပေါင်းစပ်၍ ဖန်တီးထားသည်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ မြို့ပြကြီးများ အထူးသဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများတွင် အများပြည်သူသုံးနေရာများကို နိုင်ငံတကာအဆင့်မီ ဖန်တီးထိန်းသိမ်းရန် အချိန်တန်ပြီဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် တစ်ရက်၊ တစ်လ၊ တစ်နှစ်တည်းဖြင့် ပြီးမြောက်နိုင်သောကိစ္စမဟုတ်ဘဲ စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ ခေတ်မီ စမတ်စီးတီးနည်းပညာများ၊ တိကျခိုင်မာသော ဥပဒေစည်းမျဉ်းများ၊ လုံလောက်သော ဘတ်ဂျက်ခွဲဝေမှုများနှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ထိရောက်သော စီမံခန့်ခွဲမှုများ ပေါင်းစပ်ရန်လိုအပ်ပါသည်။

၂၀၂၇ ခုနှစ်မှစ၍ အနာဂတ်ကာလများတွင် မြန်မာ့မြို့ပြများသည် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ ဖွံ့ဖြိုးရုံသာမက ပြည်သူလူထုတစ်ရပ်လုံး၏ တက်ကြွစွာပူးပေါင်းပါဝင်မှု ယဉ်ကျေးမှုများဖြင့် အသက်ဝင်နေသော မြို့ပြအလှအပများဖြင့် ပြည့်စုံသော စံပြမြို့ပြကြီးများအဖြစ်သို့ မလွဲမသွေ ရောက်ရှိလာစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူအားလုံး လက်တွဲကြိုးပမ်းကြပါရန် တိုက်တွန်းနှိုးဆော်လျက် ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကားစာရင်း-

၁။ UN-Habitat. (2018). Global Public Space Toolkit: From Global Principles to Local Policies and Practice.

၂။ World Health Organization (WHO). (2020). Urban Green Spaces and Health – A Review of Evidence.

၃။ Smart Cities Council. (2019). Smart City Readiness Guide: Data-driven Urban Maintenance.

၄။ Gehl, J. (2011). Life Between Buildings: Using Public Space. Island Press.

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြ တိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်



တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ ကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၀

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးပထမနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီမှ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတင်သွင်းခဲ့ပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီက သဘောထားတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဥပဒေအတည်ပြုရေးအဆိုတင်သွင်းခဲ့ပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားကို ရယူရာ လွှတ်တော်ကသဘောတူသဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ ခေါင်းစဉ်အပါအဝင် အခန်း(၁)၊ အပိုဒ်(၁)၊ အပိုဒ်ခွဲ(က)(ခ)၊ အခန်း(၂)၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(က) (ခ)၊ အပိုဒ်(၃)၊ အပိုဒ်ခွဲ(က) (ခ)၊ ပူးတွဲဇယား(၁)၊ ဇယား(၂)၊ ဇယား(၃) နှင့် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုကြောင်း နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ၊ ဧရာဝတီတိုင်းဒေသကြီး ဥပဒေအမှတ် (၁/၂၀၂၆) အဖြစ် ပြဋ္ဌာန်းနိုင်ရန် အတည်ပြုကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ကိုရပ်နားခဲ့ပြီး အစည်းအဝေးတတိယနေ့ ကျင်းပမည့်ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❖ **အာရှဖလားမှ**

ဆန်ဒါရာ၊ ၉၀+၂ မိနစ်တွင် ဒေါဗီတို့က သွင်းယူသည်။

စတားစီးတီးကွင်း၌ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းနှင့် အာဖဂန်နစ္စတန်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ အုပ်စု (A) ပွဲစဉ်များ အပြီးတွင် အင်ဒိုနီးရှားအသင်းက ရမှတ် ၁၀ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အာဖဂန်နစ္စတန်အသင်းက ခုနစ်မှတ်၊ မြန်မာအသင်းက ငါးမှတ်၊ ဖိလစ်ပိုင်အသင်းက လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက တစ်မှတ်ရရှိသည်။

ခြေစစ်ပွဲကို အုပ်စု ခုနစ်ခုခွဲ ကျင်းပခဲ့ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်ခြင်း ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လှိုင်ကော်	ဟားမိုး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅	၅၄၉၅	၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅
HSD (10 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅		၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

※ **လှည်းကူးမြို့နယ်မှ**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှည်းကူးမြို့နယ် မင်းလွင်ကုန်းရွာနေ မင်းထက်အောင်(ခ) ကိုထက် (၄၃)နှစ်၏ နေအိမ်မှ စိတ်ကြွဆေးပြား ၁၀ သိန်း (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၅ ဘီလီယံ)သိမ်းဆည်းရမိခဲ့ပြီး အဆိုပါသိမ်းဆည်းရမိ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် သီဟအောင်(ခ) သီဟ(၄၇)နှစ်အား လှည်းကူးမြို့နယ် မင်းလွင်ကုန်းရွာရှိ နေအိမ်၌လည်းကောင်း၊ ဟင်္သာတမြို့ ရွှေကူရပ်ကွက်နေ ရဲထိုက်အောင်(ခ)ကိုထိုက် (၅၂)နှစ်၊ လှည်းကူးမြို့(၂)ရပ်ကွက်နေ ဇော်မျိုး(၄၀)နှစ်နှင့် လှည်းကူးမြို့နယ် မင်းလွင်ကုန်းရွာနေ ခန့်မင်း(ခ)အကြီးကောင်(၂၃)နှစ်တို့အား မင်းလွင်ကုန်းရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်းတွင် BMW အမျိုးအစားယာဉ် တစ်စီးနှင့် လည်းကောင်း၊ လှည်းကူးမြို့နယ် ကျွန်းကလေးရွာနေ သန်းကိုကို (၃၂)နှစ်အား ၎င်းရွာအနီး၌လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် တရားခံ သီဟအောင်(ခ)သီဟ၊ ရဲထိုက်အောင်(ခ)ကိုထိုက်၊ သန်းကိုကို၊ ဇော်မျိုး၊ ခန့်မင်း(ခ)အကြီးကောင်နှင့် မင်းထက်အောင်(ခ) ကိုထက်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၁၈ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဝိုင်းမော်မြို့နယ် မိုင်းနားရွာအနီးတွင် မိုးကောင်းမြို့နယ် နမ္မတီးမြို့ရွှေဝါရပ်ကွက်နေသူများဖြစ်သည့် အောင်ပွဲ(၂၉)နှစ် မောင်းနှင်ပြီး မဟွမ်လင်း(ခ)အေးဟွမ်(၂၄)နှစ် လိုက်ပါလာသည့် SKAT အမျိုးအစားယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၇ ဒသမ ၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၅၈၄ သိန်း) သိမ်းဆည်းရမိသဖြင့် အောင်ပွဲနှင့် မဟွမ်လင်း(ခ) အေးဟွမ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA၊ KNDF၊ PNLO၊ DSNDA နှင့် PDF အဖွဲ့များမှ အဖွဲ့ဝင် ၁၉ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ DPLA အဖွဲ့မှ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၁ ဦး၊ KNDF အဖွဲ့မှ အမျိုးသား ၄ ဦး၊ PNLO အဖွဲ့မှ အမျိုးသား ၁ ဦး၊ DSNDA အဖွဲ့မှ အမျိုးသား ၁ ဦးနှင့် PDF အဖွဲ့မှ အမျိုးသား ၅ ဦး၊ စုစုပေါင်း ၁၉ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ တိုင်းမှူး ဗိုလ်ချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရာရှိ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြပြီး ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးက ဥပဒေ အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်မှ အမျိုးသား ၁ ဦး၊ ရပ်ဧောက်မြို့နယ်မှ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁ ဦး၊ ပင်တယမြို့နယ်မှ အမျိုးသား ၂ ဦး၊ ရွာငံမြို့နယ်မှ အမျိုးသား ၃ ဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသား ၂ ဦး၊ ဖယ်ခုံမြို့နယ်မှ အမျိုးသား ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၅ ဦး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်မှ အမျိုးသား ၁ ဦး၊ စုစုပေါင်း အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁ ဦးတို့က ၎င်းတို့နှင့် အတူ ပါရှိလာသည့် ပစ္စတို ၂ လက်၊ M-22 သေနတ် ၁ လက်၊ လက်စွဲပုံး ၂ လုံး၊ လက်လုပ်မိုင်း ၈ လုံး၊ ကျည်အိမ် ၂ ခု၊ ကျည်မျိုးစုံ ၂၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပစ္စတို ၂ လက်အတွက် ဆုကြေးငွေကျပ် သိန်း (၄၀)၊ M-22 သေနတ် ၁ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၅၀၊ လက်ပစ်ဗုံး ၂ လုံးအတွက် ဆုကြေးငွေကျပ် ၆ သိန်း၊ လက်လုပ်မိုင်း ၈ လုံးအတွက် ဆုကြေးငွေကျပ် ၂၄ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၁၉ ဦးအတွက် ဆုကြေးငွေကျပ် ၁၉ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၃၉ သိန်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ ကိုယ်စားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ၎င်းတို့အား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်း အပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချု၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် DPLA၊ KNDF၊ PNLO၊ DSNDA နှင့် PDF အဖွဲ့များမှ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများ ဖြစ်ပြီး အကြမ်းဖက် အဖွဲ့များ၏ ၎င်းတို့ ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း ၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဖိလိုက်ချနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ အကြမ်းဖက်မှုနှိမ်နင်းမှု စစ်ဆင်ရေး (Counter – Terrorism Operation) များကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆို လက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်း လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

အင်တာဗျူး(၁)

ကျွန်မကတော့ DPLA အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်ရောက်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ အကြမ်းဖက်အဖွဲ့ကို မဝင်ရောက်ခင်က မိဘများနှင့်အတူ တောင်ယာလုပ်ကိုင်စားသောက်နေစဉ်မှာ အကြမ်းဖက်အဖွဲ့က လူမှုကွန်ရက်ကနေ တစ်ဆင့် လူသစ်အဖြစ် ဝင်ရောက်ဖို့ စည်းရုံးခေါ်ဆောင်ခဲ့တာကြောင့် အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသမီး ဖြစ်တာကြောင့် တိုက်ပွဲတွေမှာ ဝင်ရောက်တိုက်ခိုက်ခဲ့ရတာမရှိဘဲ အဖွဲ့ထဲမှာ ခေါင်းဆောင်ပိုင်းတွေက ရာထူးအလိုက် ခွဲခြားဆက်ဆံတာတွေ၊



ဆဲဆိုတာတွေတော့ ရှိပါတယ်။ မိန်းကလေးတစ်ဦးအနေနဲ့ အဖွဲ့ထဲမှာ ဘဝလုံခြုံမှုမရှိပါဘူး။ ခေါင်းဆောင်ပိုင်းတွေမှာလည်း အာမခံချက်နဲ့ လက်တွေ့ လုပ်ဆောင်ချက်တွေမှာ တူညီမှု မရှိဘဲ ခွဲခြားဆက်ဆံမှုတွေ လုပ်ဆောင်လာတဲ့အတွက် အဖွဲ့ထဲမှာ နေထိုင်ရတာ အချိန်ကြာလာတာနဲ့အမျှ စိတ်ဓာတ်ကျဆင်း လာပြီးတော့ အကြမ်းဖက်အဖွဲ့ထဲမှာ ဆက်လက်နေထိုင်လိုစိတ် မရှိတော့တဲ့အတွက် ထွက်ပြေးလာခဲ့ပြီး အခုလိုအလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့ ရောက်ရှိလာတဲ့ အချိန်ကျတော့ တပ်မတော်မှ တာဝန်ရှိသူတွေက သားသမီးတစ်ဦးသဖွယ် နွေးထွေးစွာ ပြောဆိုဆက်ဆံတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ် ဆက်ဆံပေးလို့ ဘဝလုံခြုံမှုရှိပြီးတော့ လွန်စွာဝမ်းသာကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့်ပို့ ကျွန်မအနေနဲ့ အခုလို အလင်းဝင်ရောက်ခဲ့တဲ့ လမ်းကြောင်းကို ရွေးချယ်မိတာ မှန်ကန်တယ်လို့ ထင်မြင်မိပါတယ်။ တပ်မတော်အနေနဲ့လည်း အလင်းဝင်ရောက်လာမယ့် လူငယ်တွေကို နွေးထွေးစွာ ကြိုဆိုနေကြောင်း ပြောကြား လိုပါတယ်ရှင့်။

အင်တာဗျူး(၂)

ကျွန်တော်ကတော့ DPLA အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်လာတဲ့သူတစ်ဦး ဖြစ်ပါတယ်။ DPLA အကြမ်းဖက်အဖွဲ့မှ သူငယ်ချင်းများက တစ်ဆင့် လူမှုကွန်ရက်နဲ့ ဆက်သွယ်ပြီး တော့မှ အဖွဲ့ထဲကို ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ အဖွဲ့ထဲ



ဝင်ရောက်တဲ့အချိန်မှာ အဖွဲ့ဝင်အချင်းချင်း ကြီးနိုင်ငယ်ညှဉ်း အုပ်ချုပ်တာတွေရှိတယ်။ ပြီးတော့ အနေအထိုင် အစားအသောက်တွေ ခက်ခဲကြမ်းတမ်းတာအပြင် ဒေသခံ တိုင်းရင်းသားတွေကိုလည်း ညှဉ်းပန်း နှိပ်စက်တာတွေရှိတဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အလင်းဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ ကျွန်တော် အလင်းဝင် ရောက်တဲ့အချိန်မှာ တပ်မတော်မှ တာဝန်ရှိသူတွေက မိသားစုတစ်ဦး သဖွယ် နွေးထွေးစွာ ဆက်ဆံတဲ့ အတွက်ကြောင့်လည်း ကျွန်တော့် အနေနဲ့ ဝမ်းသာပီတိဖြစ်မိတယ်။ ကျွန်တော် အခုလို အလင်းဝင် ရောက်လာပြီးတော့ မိသားစုနဲ့ အတူ မြို့ရွာအတွင်းမှာ အေးအေး ချမ်းချမ်း နေထိုင်ရသလိုမျိုး အကြမ်းဖက်အဖွဲ့ အသီးသီးမှာ ရောက်ရှိနေတဲ့ လူငယ်တွေကို လည်း မိသားစုနဲ့အတူ ပြန်လည် နေထိုင်ပြီး ဘဝကို အေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့အတွက် ကျွန်တော် တို့လို အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ ၁၀၀

ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ် အခွန်ဦးစီးဌာနမှုးရုံးတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ဦးစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ် အခွန်ဦးစီးဌာနမှူးက လုပ်ငန်းရှင်



များအား အခွန်ကဏ္ဍတစ်ရပ်ချင်း အလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

နတ်မောက်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

နတ်မောက် နိုဝင်ဘာ ၂၀

မကွေး တိုင်းဒေသကြီး နတ်မောက်မြို့နယ် အခွန်ဦးစီးဌာနက အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ပိုင်းတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူးက အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်ရထိုက်သော အခွန်များ ရရှိစေရေးအတွက် အခွန်မှတ်ပုံတင်ခြင်း၊ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



လှဝင်း

ရွှေကုက္ကိုလိုနယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလို နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလိုနယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီး လျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၈၅ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလိုနယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံး အား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၈ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၂ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၁ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလိုနယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

၁၃၂ ကေဒို့ မကွေးပင်မဓာတ်အားခွဲရုံရှိ ပင်မလိုင်းကြိုးများအား ဝန်အားပိုမိုခံနိုင်သောကြိုးဖြင့် အစားထိုးလဲလှယ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၈ နာရီကြာ ဓာတ်အားပိတ်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်း အဆင်ပြေချောမွေ့စွာ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ၁၃၂ ကေဗို မကွေးပင်မဓာတ်အားခွဲရုံရှိ ပင်မလိုင်းကြိုးများအား ဝန်အားပိုမိုခံနိုင်သောကြိုးဖြင့် အစားထိုးလဲလှယ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အချိန် ရုစိနာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မကွေးတိုင်းဒေသကြီး မကွေး၊ ရေနံချောင်း၊ မင်းဘူး၊ စက်၊ ပွင့်ဖြူနှင့် မင်းလှမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၃၀ ကေဗို့ ပင်မ(၁) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗို့ တောင်ညို ဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်ရန် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗို့ ပင်မ(၁) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗို့ တောင်ညို ဓာတ်အားလိုင်းအား နိုဝင်ဘာ ၂၂ ရက်နှင့် ၂၉ ရက်၊ ဒီဇင်ဘာ ၆ ရက်နှင့် ၁၃ ရက်တို့တွင် နံနက် ၈ နာရီမှညနေ ၄ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် တောင်ညိုနှင့် ငန်းစပ်ကျေးရွာအနီးရှိ ကျေးရွာစုစုပေါင်း ၅၁ ရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဇရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ သတင်းစဉ်

ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို နိုဝင်ဘာ ၁၈ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ ဖွင့်ပြိုင်ကစားကြသည်။

အဆိုပါ ဗိုလ်လုပွဲများ ဖွင့်ပြိုင်ကစားနေမှုကို ဒဂုံမြို့သစ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်



အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် သက်နိုးကျွန်းပညာရေးဒီဂရီကောလိပ်အသင်းက ပထမ၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်အသင်းက ဒုတိယ၊ တောင်ငူပညာရေးဒီဂရီကောလိပ်အသင်းက တတိယ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ်အသင်းက ပထမ၊ ဘားအံပညာရေးဒီဂရီကောလိပ်အသင်းက ဒုတိယ၊ ကသာ ပညာရေးဒီဂရီကောလိပ်အသင်းက တတိယ ရရှိကြပြီး ပြိုင်ပွဲများအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများအား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လည်ဆွဲဆုတံဆိပ်၊ ငွေသားဆုနှင့် ဒိုင်းဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ဒိုင်းအဖွဲ့ဝင်များအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဒိုင်းအဖွဲ့ဝင်တစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

သန်းသန်းအေး

တနိုင်းမြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ကျင်းပ

တနိုင်း နိုဝင်ဘာ ၂၀

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အထက(၁) ပညာရုံးနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်”တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ကျော်ဗုန်းအောင်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ



အထက(၁)ကျောင်းအား စာအုပ်များလှူဒါန်းခဲ့သည်။

ယင်းနောက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ၊ အင်္ဂလိပ်စာ၊ စာစီစာကုံး၊ ခဲကွင်းလှည့်ပွဲနှင့် ဆန်ကောရွတ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

တနိုင်း(ပြန်/ဆက်)

ဘားအံမြို့နယ်ရှိ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကျင်းပ

ဘားအံ နိုဝင်ဘာ ၂၀

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်းရောင်းသူများအား ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကို ဘားအံမြို့နယ်အခွန်ဦးစီးဌာနမှုးရုံး၏ ရုံးခန်းမ၌ ယမန်နေ့က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှုးက လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန် ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီရောင်းချနိုင်ရေး ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)





အမရပူရမြို့နယ်အတွင်းရှိ ရဟန်းသံဃာတော်များအား UID ကတ်များ ဆက်ကပ်

အမရပူရ နိုဝင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျောင်းတိုက်များအတွင်းရှိ ရဟန်းသံဃာတော်များအား UID ကတ်များ ရိုက်ကူးခြင်းနှင့် ဆက်ကပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်တွင် ဆင်ဖြူမယ် ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆင်ဖြူမယ်ကျောင်းတိုက်ရှိ သံဃာတော်များထံသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက UID ကတ်များကို ဆက်ကပ်ပူဇော်သည်။ အမရပူရမြို့နယ်တွင် UID ကတ် ဆက်ကပ်ရန် စာရင်းရှိ ၁၈၈၃ ပါးရှိပြီး ယခုချိန်ထိ ၁၄၀၅ ပါး ဆက်ကပ်ပြီးဖြစ်ကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆက်ကပ်ရန်ကျန်ရှိသော သံဃာတော် ၄၇၈ ပါးအား မြို့နယ်သံဃနာယက ဆရာတော်မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ လွဲလွဲခိုင်



ပြည်မြို့၌ သျှရီ သီရိနာ(သ)-သျှရီ ရာ(မ်)ဂျာနကီ ဘုရားကျောင်း၏ မဟာကုမ္ဘာဘိသျော်ဂမ်(ခ) မဟာသီဒွိတင် မင်္ဂလာရေစင်သွန်းလောင်းပွဲတော် ကျင်းပ

ပြည် နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက်ကမ်းနားလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော သျှရီ သီရိနာ(သ)-သျှရီ ရာ(မ်)ဂျာနကီ ဘုရားကျောင်း၏ မဟာကုမ္ဘာဘိသျော်ဂမ်(ခ)မဟာသီဒွိတင် မင်္ဂလာရေစင်သွန်းလောင်းပွဲတော်ကြီးကို နိုဝင်ဘာ ၁၈ ရက်တွင် စတင်ကျင်းပသည်။

အဆိုပါ ပွဲတော်ကြီးကို အိန္ဒိယနိုင်ငံ ဟိန္နျုရောဟိတ် ဆရာတော်ကြီးများနှင့် မြန်မာနိုင်ငံမှ ဟိန္နျုရောဟိတ်ဆရာတော်ကြီးများ ပူးပေါင်း၍ ဟိန္နျုထုံးတမ်းစဉ်လာအရ ယာဂမ်း(ခ)မီးဟုမ်းပူဇော်ပွဲများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ကျင်းပပြီး နိုဝင်ဘာ ၂၂ ရက် နံနက် မင်္ဂလာအချိန်အတွင်း အဘိသျော(မ်)နဲ့သာပေါင်းစုံဖြင့် ရောပွာယ်ပူဇော်ကာ မဟာသီဒွိတင် ရေစင်သွန်းလောင်းပွဲမင်္ဂလာအခမ်းအနားကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် နိုဝင်ဘာ ၂၂ ရက်တွင် လက်ချိမီးပူဇော်ပွဲနှင့် နိုဝင်ဘာ ၂၄ ရက်တွင် ရေချိုးပွဲတော်တို့ကို ကျင်းပမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ဘုရားဖူးဧည့်ပရိသတ်များအား သက်သတ်လွတ် ထမင်းဖြင့် နေ့စဉ်ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၉)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)က အလှူငွေကျပ် ၁၅ သိန်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တရေဝတနှင့် စာရေးဆရာ နန်းအောင်လှိုင်-စာရေးဆရာမ သီရိနန်းထက်စံတို့က ငွေကျပ် ၁၀ သိန်းစီ၊ စာရေးဆရာ ရဲမင်းစိုးနှင့် ဦးစိုးဟန်(သံအမတ်ကြီး-ငြိမ်း) (တက္ကသိုလ်ဟန်စိုးဦး)-ဒေါ်လဲ့လဲ့ဝါတို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါက်တာမောင်မောင်မြင့် (ဒေါက်တာမြင့်မြတ်-ပဲခူး)-ဝတ်ရည်ခင်(ပဲခူး) (ဥက္ကဋ္ဌ ပဲခူးမြို့နယ်စာရေးဆရာအသင်း)က ငွေကျပ်သုံးသိန်း၊ သန်လျင်မြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၂၅၀၀၀၀၊ မင်္ဂလာတောင်ညွန့် မြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀၊ ဇမ္ဗူသီရိမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ အိုင်ပီမျိုးအောင်၊ မောင်အောင်ဝေ(ညောင်ခြေထောက်)၊ ဒေါ်ခိုင်စုကြည်၊ ဒေါ်ခင်ဆွေယု၊ အညာသားဗထူး၊ ကိုလှဖုန်းနှင့် ဒေါ်နုင်းလွင်တို့က ငွေကျပ် ၁၂၀၀၀၀ ဆရာကြီးဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ ဦးညွှန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)-(ဒေါ်ခင်ဖြူဇင်)မဟာဝိဇ္ဇာ၊ ကမာရွတ်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ခင်(ဟိန်းသူ)၊ စာရေးဆရာ နိုင်မျိုးသစ္စာ (နမ္မတူ)၊ ဦးဇော်မင်း-ဒေါ်ခိုင် အောင်မြေသာစံမြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်းနှင့် ဗဟန်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဗိုလ်မှူးချုပ် ရန်သိမ်း(ငြိမ်း) အောင်မြေသာစံမြို့နယ်၊ ဦးမောင်ကျော့(မောင်မောင်ကျော့-ပလက်ဝ)၊ ဦးအောင်စိုးမင်း (မောင်မြေသင်း-ကသာ)ပေါင်းတည်မြို့၊ စာရေးဆရာ မောင်လှဘော် (မအူပင်)အောင်မြေသာစံမြို့နယ်၊ တောင်ငူမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သုံဦးနှင့် မအူပင်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၅၀၀၀၀ စီ၊ ဦးအုန်း(မောင်မောင်အုန်း-လယ်ဝေး)-



ဒေါ်တင်ပုက ငွေကျပ် ၄၀၀၀၀၊ ဦးခင်ဇော်ဝင်း (ခက်ဇော်-ကဗျာ)-ဒေါ်မြင့်မြင့်အေး(ပန်းမြမွေး)၊ စာရေးဆရာ မောင်လူလု(ဇေယျာဦး) အောင်မြေသာစံမြို့နယ်နှင့် ဦးဗိုလ်ဝင်း-ဒေါ်မိုးသီတာ(အောင်မြေသာစံမြို့နယ်)တို့က ငွေကျပ် ၃၀၀၀၀ စီ၊ မောင်ခေတ်ထွန်း-ဒေါ်လေးမြင့်မြင့်ရီ နှင့် ဦးသန်းဌေးစိန် (ကမာ့ကလူ)ကွမ်းခြံကုန်းမြို့နယ်တို့က ငွေကျပ် ၂၀၀၀၀ စီ၊ ဦးစိန်တပ်(မောင်ယဉ်ဦး-ဓနုဖြူ)က ငွေကျပ် ၁၀၀၀၀ အသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမုခမောင်နိုင်မိုး) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၄၁၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်၊ ပဒ္မသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၀

ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ လူငယ်များအား မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



သွားရောက်လေ့လာ

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (သကြားစက်)၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ဈေးကုန်း)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (ဝဲကြီး) (အရှေ့)၊ D. သာလွန်ကိုယ်ပိုင်ကျောင်းနှင့် မြင့်မိုရ်ဟိန်းကိုယ်ပိုင်ကျောင်း၊ ပဒ္မသီရိမြို့နယ်ရှိ အောင်မြေကိုယ်ပိုင်ကျောင်း၊ FEC ကိုယ်ပိုင်ကျောင်း၊ Master Geniusကိုယ်ပိုင်ကျောင်း၊ ဒက္ခိဏသီရိမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း (မူလွန်) (ဦးနွယ်)၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ဆယ်စု)၊ OIAC ကိုယ်ပိုင်ကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (အင်ပင်)နှင့် တောင်ငူမြို့နယ်ရှိ မဟာကိုယ်ပိုင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ စစ်ရေယာဉ်ပုံစံတူများနှင့် စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရရောတိပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကိုပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ တပ်မတော်(ရေ)၊ တပ်မတော်(လေ) နှင့် လက်ရုံးတပ်ဖွဲ့များ၏ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသား/အမျိုးသမီး (ကွင်းတွင်း)စက်ဘီးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀



၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသား/ အမျိုးသမီး (ကွင်းတွင်း)စက်ဘီးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသမီးစက်ဘီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမား ဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်းမှ မိုးပြည့်ပြည့်ကျော်၊ အမျိုးသားစက်ဘီးပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်းမှ သွင်ထူးဇော်၊ အမျိုးသမီး မိတာ ၅၀၀ စက်ဘီးပြိုင်ပွဲ အမျိုးသမီး မိတာ ၃၀၀၀ စက်ဘီးပြိုင်ပွဲ၊ အမျိုးသား မိတာ ၁၀၀၀၀ စက်ဘီးပြိုင်ပွဲ၊ အမျိုးသား မိတာ ၄၀၀၀ စက်ဘီးပြိုင်ပွဲ၊ အမျိုးသမီး မိတာ ၄၈၀၀ အုပ်စုတစ်ဦးချင်းစက်ဘီးပြိုင်ပွဲ၊ အမျိုးသား မိတာ ၁၀၀၀၀ အုပ်စုတစ်ဦးချင်း စက်ဘီးပြိုင်ပွဲနှင့် မိတာ ၄၀၀၀ အသင်းလိုက် စက်ဘီးပြိုင်ပွဲတို့ တွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိခဲ့ကြသူများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များ၊ ဆုကလာပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဆုတံဆိပ်အများဆုံးရရှိသည့် မရမ်းကုန်းခရိုင်အသင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးအောင်နိုင်သူက တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ပြသထားသည့် ပြိုင်ပွဲဝင်စက်ဘီးများကို ကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ်၌ (၆)လမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် သုမင္ဂလာမိုး(ခရေပင်လမ်းနှင့် အုတ်ပုဆိပ်တံတားကြား) (၆)လမ်းသွား ကတ္တရာကွန်ကရစ် ၅ ဒသမ ၁၂ မိုင်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းကိုက်ညီစွာ ဆောင်ရွက်ရန် စသည်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ဓွဲထက်ကို(ပြန်/ဆက်)

Myanmar Golf Club JGM Winter Cup 2026 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM) မှကြီးမှူးရွေး၍ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်)က အဓိကကူညီပံ့ပိုးသော Myanmar Golf Club JGM Winter Cup 2026 မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၀ ရက်က ရန်ကုန်မြို့ရှိမြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်)၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်က ပြိုင်ပွဲကျင်းပသော Myanmar Golf Club အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ မြန်မာဂေါက်သီးရိုက်အသင်း(၉မိုင်)ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌဦးသန်းဝင်းက လက်ခံရယူသည်။ ဆက်လက်၍ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်) ကွင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးချစ်မင်းစံက Junior အဆင့် အသက်(၁၂)နှစ်အောက်(အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော Shin Yijun၊ ဒုတိယဆုရရှိသော ကောင်းခန့်ဇော်၊ စုစုပေါင်းရိုက်ချက် ၂၇၂ ချက်ဖြင့် ပထမဆုရရှိသော အောင်စိုးထွန်းတို့အား လည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်) လုပ်ငန်းစစ်ဆေးခြင်းနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်သူရဝင်းက အသက်(၁၈)နှစ်အောက်(အမျိုးသမီး) သက်တမ်းတွင် တတိယဆုရရှိသော မိုးမခကျော်သူ၊ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်) ဘဏ္ဍာရေးမှူး ဦးတင်ဝင်းက ဒုတိယဆုရရှိသော Choi Hui၊ ပထမဆုရရှိသော ချိုသာအောင်တို့အား လည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်)ဥက္ကဋ္ဌ ဦးအေးကိုကိုစိုးက အသက်(၁၄)နှစ်အောက်(အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော ဇွဲထက်ရှ၊ ဒုတိယဆုရရှိသော သန့်သုတနိုင်၊ ပထမရရှိသော အောင်ဇောဘုန်းခန့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်က အသက်(၁၈)နှစ်(အမျိုးသား)သက်တမ်းတွင် တတိယဆုရရှိသော လင်းထက်ညီအား လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က ဒုတိယဆုရရှိသော ဆက်နိုင်အောင်နှင့် ပထမဆုရရှိသော နိုင်ဦးကိုတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ကစားသမားများအား မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်း – ချစ်ကိုကို

ဓာတ်ပုံ – MGF



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က အသက်(၁၈)နှစ်အောက် အမျိုးသားပြိုင်ပွဲ ပထမဆုရရှိသော နိုင်ဦးကို အား ဆုချီးမြှင့်စဉ်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လေ့လော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၀

လေ့လော်အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ **“၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လေ့လော်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ”**ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်ယားကန်ရိုမြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ်၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား+အမျိုးသမီး မိတာ(၂၀၀)(၁၀)တက်လေ့ပြိုင်ပွဲ၊ အမျိုးသား မိတာ(၂၀၀)(၁၀)တက်လေ့ပြိုင်ပွဲနှင့် အမျိုးသမီး မိတာ(၂၀၀)(၁၀)တက်လေ့ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသား+အမျိုးသမီး မိတာ(၂၀၀)ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၁၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၅၂ ဒသမ ၄၇ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၅၃ ဒသမ ၃၃ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၅၆ ဒသမ ၈၅ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ ရရှိသည်။

အမျိုးသား မိတာ(၂၀၀)ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၁၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၅၁ ဒသမ ၃၂ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၅၃ ဒသမ ၇၃ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၅၅ ဒသမ ၆၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယရရှိသည်။

အမျိုးသမီး မိတာ(၂၀၀)ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၁၀)တက်လေ့ပြိုင်ပွဲတွင် စံချိန် ၅၇ ဒသမ ၉၂ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၅၈ ဒသမ ၇၈ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၅၉ ဒသမ ၀၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယရရှိသည်။

ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၁ မိနစ် ၁ ဒသမ ၉၂ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက တတိယရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့်အသင်းများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီးနှင့် မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရွှေတံဆိပ် နှစ်ခုစီဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် တစ်ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေက တံခွန်စိုက်ဒိုင်းဆုများနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် **“တိုင်းဒေသကြီးနှင့် ပြည်နယ် လေ့လော်ပြိုင်ပွဲ”**ကို နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အင်ယားကန်ရိုမြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ်၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အမျိုးသားအသင်းကိုးသင်း၊ အမျိုးသမီးအသင်း ခုနစ်သင်း စုစုပေါင်းပြိုင်ပွဲဝင်အင်အား ၂၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး



မြစ်ကြီးနားမြို့၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ အသိပညာပေးဆွေးနွေး

မြစ်ကြီးနား နိုဝင်ဘာ ၂၀

ကချင်ပြည်နယ်အတွင်း လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုရှိပြီး ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနရုံး၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ်အခွန်ဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများ လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးသည်။

ထို့နောက်တက်ရောက်လာသည့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းသူများက သိရှိလိုသည်များကို မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၇၉၉)၊ မြေအကျယ်အဝန်း ၀ပ(၂၅ x၅၀)ပြဲ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၃)ထပ်တိုက်အဆောက်အဦမှ မြေညီထပ် (မြေရင်းခြမ်း)၊ အကျယ်အဝန်း(၁၁၀ခွဲx၄၄၀ပ) အခြေ (၁)ပေါ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် အခိုင်အမာတွယ်ကပ်ဝင်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကိုကို (၂၁၁၅)ခုနှစ်တွင် မြေပိုင်ရှင် ဦးစောကိုကိုလွင်နှင့် ကနဦးရိုက်ထား ဦးကြည်တိုး၊ ဦးသန်းစည်ဦးတို့ ချုပ်ဆိုထားသော အဆောက်အဦဆောက်လုပ်ခြင်းဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ်အရ ကနဦးရိုက်တာ ဦးကြည်တိုး(HLG-၀၀၈၀၉၀)ခံစားခွင့် ရှိသည့် တိုက်ခန်းဖြစ်ပြီး ကနဦးရိုက်တာ ဦးကြည်တိုးထံမှ နှစ်ဦးသဘောတူ တိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားပြီး ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြည့် ဦးစွာဖြစ်(၁၂)မဂၤ(နှိပ်)၁၃၀၉၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ-
ဒေါ်စန္ဒာမိုးခင်(LL.B, LL.M)
အထက်တန်းရေနေ(စဉ်-၅၆၂၆)
အမှတ်(1/A2)၊ မြသိုဘားအိမ်ခရာ မြင်သား(၁၀၀လမ်း) (၁၄/၁)ရပ်ကွက်၊
ဖောင်ဒွတ္တရောမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ 09-400860081,09-458887918

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃/၁၂)။ ဦးပိုင်အမှတ်(၁၈၃)။ စစ်-မန်းကားလမ်း၊ သက်တော်ရာသက်တော်ရည်ဘုရားတောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးအောင်ကျော်မိုး [၉/မရမ(နိုင်)၀၁၁၆၀၈]၊ ဒေါ်စန္ဒာမင်း [၉/မရမ(နိုင်)၀၁၂၈၉၀]တို့က အမှုတွဲအမှတ်(၃၅၉၃/၂၀၂၆-၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်အစရှိသော ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၄)၊ ဦးပိုင်အမှတ်(၁၄၅)။ ၁၅၂၀၀ပေလမ်းကြားရှိ ဦးခင်မောင်ညွန့် အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးခင်မောင်ညွန့်၊ မိခင် ခေါင်းမေ၊ သား ဦးဝင်းကိုကို (လူမျိုး၁၀)တို့ ကွယ်လွန်၍ ကျန်ရစ်သူသမီးများ ဖြစ်ကြသော ဒေါ်ခင်စန်းရီ [၉/မရတ(နိုင်)၁၁၅၂၁]၊ ဒေါ်ခင်ခိုးဇင် [၉/မရတ(နိုင်)၁၁၈၃၁]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေ ဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးမှုခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၃၁၇)၊ ရန်-ဆန်းလမ်းအနောက်ဘက်ရှိ ဦးစိုးမြင့် အမည်ပေါက်ဂရန်မြေကွက်အား ခင်ပွန်း ဦးစိုးမြင့်၊ သား ဦးညီညီဧော် (လူမျိုး၁၀) တို့ ကွယ်လွန်၍ ကျန်ရစ်သူစနီးနှင့် သားသမီးများဖြစ်ကြသော ဒေါ်ခင်မြဲ [၉/အမရ(နိုင်)၀၃၂၂၀၉]၊ ဦးဇော်လွင်ဦး [၉/အမရ(နိုင်)၀၃၂၂၁]၊ ဦးခေမျိုးဇော် [၉/အမရ(နိုင်)၀၃၂၂၀၁]၊ ဒေါ်မိမိစိုးမြင့် [၉/အရ(နိုင်)၀၉၇၇၄၃]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျွမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးမှုခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်ဆွယ်ပုတ်ရပ်ကွက်၊ အကွက်အမှတ် (၅၉၆-က)။ ဦးပိုင်အမှတ် (၄၄/၁၉၃)ခဲစင်း၊ စာတိုက်တန်းလမ်းနှင့် တရုတ်တန်းလမ်းကြား။ ရိုမန်ကသလစ် ဘုရားကျောင်းအနီးရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင် သိဒ္ဓိအေး [၉/မရမ(နိုင်) ၀၅၅၅၂၄]က အမှုတွဲအမှတ် (၃၅၈၆/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၈၈၈-၅)၊ ဦးပိုင်အမှတ်(၁၁)၊ ၁၀၀လမ်းနှင့် ၃၅ လမ်း ထောင့်ရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကြည်၏ (SP ရင်ချုပ် ဦးကျော်စိုးမင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၉၉/၂၀၀၂) ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်ဝင်း [၉/မကန(နိုင်) ၀၅၇၄၄၅]၏ (SP ရင်ချုပ် ဒေါ်စုဆိုင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၈၂/၂၀၂၆-၂၀၂၇) ဖြင့် တောမျိုးပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျောသူ (၁၉)လမ်း၊ အမှတ်(၈၈၉) ဟူသော တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက် အဦ၏ စတုတ္ထထပ်(၇)လွှာ(A)၊ (ခေါင်းရင်းခန်း)။ အကျယ်အဝန်း (၁၈၀ပေx၅၄၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထား ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြိုမိမ်း [၂/လကန(နိုင်)၀၁၅၁၁၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်ဆွေ(၁၂/ရုပသ(နိုင်)၀၄၅၈၉၉)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ/အရေ –
ဒေါ်စင်မင်းဆွေ(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်- ၂၀၃၈၆)
အမှတ်(၄၄)၊ ပ-ထပ်၊ ၃၆-လမ်း။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၃၇၇၃၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဝဏ်းတန်ဖိုးမျှတအိမ်ရာ (၃ထပ်ပေအဆင့်)၊ ဘုရင့်နောင်လမ်း၊ တိုက်ခန်းအမှတ် (CC-8)၊ အခန်းအမှတ် (802)၊ အကျယ်အဝန်း (U-900)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထား ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြိုမိမ်း [၂/လကန(နိုင်)၀၁၅၁၁၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်ဆွေ(၁၂/ရုပသ(နိုင်)၀၄၅၈၉၉)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနန္ဒမြင့်ဦး၏ လွှဲအပ်ညှိနှိုင်းချက်အရ-
ဒေါ်သဲသဲမော LL.B, D.B.L, D.I.L, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၆၀/၂၀၁၇)
အမှတ်-စ၊ ၃၀ အင်းကြီးဖြိုင်လမ်း (၁၀၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၉၆၆၁၂၇

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးဇေးမြင့်နှင့် ဒေါ်စန်းလှတို့ အနေဖြင့် ၎င်းတို့မိသားစုအကြား ချစ်ခင်ရင်းနှီးစွာ နေထိုင်လျက်ရှိ ကြောင်းနှင့်စပ်လျဉ်း၍ (၁၄-၁၁-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၂ ၌ ကြေညာထည့်သွင်းခဲ့ရာတွင် "လင်မယားအချင်းချင်း ကြား၊ မိဘနှင့်သားအကြား အထင်အမြင်လွဲမှားမှုများဖြစ်စေရန် သွေးထိုး လှုံ့ဆော်မှုများကြောင့် မိဘများနှင့် သား ဦးသိန်းလွင်တို့အကြား ပြဿနာများဖြစ်ပွားခဲ့ကြကြောင်း" ဖော်ပြရာကိုမှာ ချွေမျိုများ၏ မိတ်ဆွေများအပေါ် ထိပါးစေလိုသည့်ဆန္ဒ တစ်စုံတစ်ရာမရှိပါကြောင်းနှင့် အထင်အမြင်လွဲမှားမှုဖြစ်စေပါစေသည့် "သွေးထိုးလှုံ့ဆော်မှုများ" ဆိုသည့် စကားရပ်အား ပြန်လည်ပယ်ဖျက်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ-
ဒေါ်ယဉ်ယဉ်အောင် LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၈၃)
ဖုန်း- ၀၉၄၃၀၆၄၆၄

Marga Landmark Development Co.,Ltd နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့နေ ဦးသန့်ဇင် [၁၂/စခန(နိုင်)၀၅၈၃၂၉] ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း နှင့် ကန်ဘဲဘုလမ်းထောင့်တွင် The Central Tower ဆောက်လုပ်နေသော Marga Landmark Development Co.,Ltd ထံမှ ကျွန်ုပ်၏အမှုသည် ဦးသန့်ဇင်က The Central SOHO, Level 12A, Unit 12 တိုက်ခန်း (၁)ခန်းကို (၁၅-၈-၂၀၂၃)နေ့တွင် စာချုပ်ချုပ်ဆို၍ ရောင်းဖိုးငွေ၏ ၈၀% နီးပါးကို ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။

Marga Landmark Development Co.,Ltd က (၃၀-၉-၂၀၂၇) နေ့တွင် ထိုတိုက်ခန်းကို လက်ရောက်ပေးအပ်မည်ဟု ကတိပြုထားသော်လည်း ယခုတိုင်မြေပြင်တွင် Foundation ပင် မချရသေးပါ။ ရောင်းဖိုးငွေ၏ ၈၀% ပေးချေထားသော ဦးသန့်ဇင်မှာ များစွာစိတ်ပူပင်ဆင်းရဲနေရ၍ များစွာထိခိုက်နစ်နာနေပါသည်။

ဦးသန့်ဇင်ဝယ်ယူထားသော အထက်ဖော်ပြပါ တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ Marga Landmark Development Co.,Ltd အပါအဝင် မည်သူမျှ ထပ်ဝင်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း မပြု လုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဒေါ်လဲ့လဲ့ရီ	**ဒေါ်မေသက်ဝိုင်းဝိုး**
(B.A; LL.B; D.B.L; D.M.L)	**(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၅၄၁၀/၁၉၉၃)	**(စဉ်-၅၁၂၄/၂၀၁၈)**
၀၉-၅၀၅၉၃၂၂	

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၈၅-ခ)၊ ဦးပိုင်အမှတ်(၁၈၈)၊ ၆၁x၈၆ပေ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်တင်ထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၈၀၇/၂၀၀၃)ဖြင့် ဝယ်ယူခဲ့သူ ဦးကိုလေးထံမှ အမွေဆက်ခံစာချုပ် အမှတ် (၁၉၀၇/၂၀၂၆) ဖြင့် အမွေဆက်ခံခဲ့သော ဦးသန်းထွဋ် [၉/မရမ (နိုင်)၀၆၉၈၂၅]က အမှုတွဲအမှတ် (၃၅၇၉/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက် ရပ်ကွက်၊ အကွက်အမှတ်(၂၂၇)၊ ဦးပိုင်အမှတ်(၁၄)၊ ၂၆လမ်း၊ ၉၁(စီ) လမ်းနှင့် သင်္ဘောဆောင်းအရှေ့ဘက်ဟိုလမ်းကြားရှိ ဦးလှမောင်အမည် ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၆၉၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခူစိုး[၉/သပက(နိုင်) ၀၁၄၉၂၉]၊ ဒေါ်ခင်မျိုးလွင် [၉/သပက(နိုင်)၀၁၁၆၄၂]၊ ဒေါ်မွန်နန်နှင်းညီ[၉/သပက(နိုင်) ၀၃၄၇၇၁] တို့က အမှုတွဲအမှတ်(၃၅၉၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ



ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက် အမှတ်-၇၁၉၊ မြေကွက်တည်နေရာ အမှတ်(၇၁၉)၊ ရသာရုံလမ်း၊ (၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးစံတင် (CC-၀၃၉၃၄၂) အမည်ပေါက် နှစ်(၆၀)မြေအား အမည် ပေါက် ဦးစံတင်အား (တရားပြိုင်) ထားကာ ဒေါ်ခိုနိုကြူ ဦးအယ်ဆိုက်ဝိုတို့မှ (တရားလိုပြုလုပ်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ် (၂၃၈/၂၀၂၅) ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေး စေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၄-၃-၂၀၂၆) ရက်စွဲပါ စီရင်ချက်/ဒီကရီနှင့် တရားမစာရီမှုအမှတ် (၅၉/၂၀၂၅) တို့အရ တရားရုံးကိုယ်စား ဘီလစ် ခေါ်လွှဲခဲ့ပြီး (၁၃/တကမ (နိုင်) ၀၀၃၄၁၉) မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စား ဂရန်၊ နိုင်/ကတ်တို့ တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက် အထား များဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ဖြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက် အမှတ်-၇၁၉၊ မြေကွက်တည်နေရာ အမှတ်(၇၁၉)၊ ရသာရုံလမ်း၊ (၄၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးစံတင် (CC-၀၃၉၃၄၂) အမည်ပေါက် နှစ်(၆၀)မြေအား အမည် ပေါက် ဦးစံတင်အား (တရားပြိုင်) ထားကာ ဒေါ်ခိုနိုကြူ ဦးအယ်ဆိုက်ဝိုတို့မှ (တရားလိုပြုလုပ်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ် (၂၃၈/၂၀၂၅) ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေး စေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၄-၃-၂၀၂၆) ရက်စွဲပါ စီရင်ချက်/ဒီကရီနှင့် တရားမစာရီမှုအမှတ် (၅၉/၂၀၂၅) တို့အရ တရားရုံးကိုယ်စား ဘီလစ် ခေါ်လွှဲခဲ့ပြီး (၁၃/တကမ (နိုင်) ၀၀၃၄၁၉) မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စား ဂရန်၊ နိုင်/ကတ်တို့ တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက် အထား များဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ဖြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာစိုလှည်းခရိုင်၊ သန်လျက်မြို့နယ်၊ အောင်ချမ်းသာ ရပ်ကွက်၊ ကာသစ်ပိုင်းကျောင်းလမ်း၊ အကွက်အမှတ်(၂၅)/ ဝိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (၁၉)၊ မြေကွက်အမှတ်(ခ-၂၁၁)၊ ဦးလှကြွယ် (ဌာနေ)အမည်ပေါက် မြေကွက်အနက် ဧရိယာ(၀.၀၀၅)ဧကအကျယ်ရှိ မြေကွက်နှင့် ဦးပိုင်အမှတ် (၁၉/၁၂)၊ ဧရိယာ(၀.၁၀၅)ဧကအကျယ်ရှိ မြေကွက်နှင့် ဦးပိုင်အမှတ် RPNO-၈၉/ V / ၂၀၀၅-၂၀၀၆ အရဦးလှကြွယ် အမည်ပေါက်ဂရန်နှင့် မြေကွက်အနက် ဧရိယာ(၀.၀၄၈) ဧက စုစုပေါင်းဧရိယာ(၀.၀၅၃)ဧကအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(မီးတာ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော (၁)ဦးရန်မျိုးအေး(၁၈) ဦးလှကြွယ်(၁/သလန(နိုင်)၁၂၄၀၀၅)၊ (၂)ဒေါ်ခင်ဝေ(၁၈) ဦးလှကြွယ် (၁/သလန(နိုင်)၁၂၄၀၀၄)၊ (၃)ဦးရန်မျိုးအောင် (၁၈)ဦးလှကြွယ် (၁/သလန(နိုင်)၁၂၄၀၀၃)၊ (၄)ဒေါ်ယုဇနီ(၁/သလန (နိုင်)၁၁၆၃၂၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းလင်းထက် (၁၈)ဦးညွှန့်သိန်း [၁/သလန(နိုင်)၁၃၆၀၃၀]က ပြန်လည်ဝယ်ယူရန်အတွက် ငင်းအား စရန်နှင့်ငေးခေါ်ငြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းများ နှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ-
ဒေါ်ခင်သိတာဖြင့်အောင် (LL. B, DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၀၇၀)
ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊
သန်လျက်မြို့။ ဖုန်း - ၀၉-၄၂၂၇၃၇၇၇

ကြော်ငြာစာ
အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
မှော်ဘီခရိုင်တရားရုံးတော်
၂၀၂၆ခုနှစ်၊ တရားမအတွေထွေမှုအမှတ် ၆၁
ကွယ်လွန်သူ ဒေါ်ခင်ချစ်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဒေါ်ခင်မော်	လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဝါးတရကျေးရွာအုပ်စု၊ ရေတွင်းကုန်း ကျေးရွာတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်ချစ် ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထား သူက အမွေဆက်ခံခြင်းအက် ဥပဒေအရ လျှောက်ထားချက်ရှ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ် (၃၁)တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/၅)၊ မြေကွက်အမှတ် (၁၈၀)၊ မြေအမျိုးအစား -နှစ်(၆၀)မြေငှားဂရန်၊ အမည်ပေါက်-ဒေါ်ချိုချိုအေး [၁/စခန(နိုင်) ၀၀၅၅၂၄]မြေကွက်အား ဂရန်အမည်ပေါက်သူ (မိခင်) ဒေါ်ချိုချိုအေးသည်[၁၃-၈-၂၀၂၁]ရက်နေ့တွင်လည်းကောင်း၊ (ဖခင်) ဦးအောင်ကျော်မိုးသည် [၁၂-၁၂-၂၀၀၅]ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြပြီး၊ ကွယ်လွန်သူ မိဘများတွင် သားသမီး အရင်းများအဖြစ် ဒေါ်သီရိမြတ်နိုးနှင့် ဦးခန့်စည်သူတို့သားသမီး(၂)ဦးကိုသာ ဓမ္မဖွားခဲ့ကြောင်း၊ အခြားမည်သည့်ကိစ္စိမ သားသမီး မွေး ဓမ္မဖွားထားခြင်းမရှိပါကြောင်း၊ ၎င်းတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသည့်အားလျော်စွာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အညီ မိဘ(၂)ဦးကွယ်လွန်ပြီးနောက် ၎င်းတို့သာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင် လာခဲ့ကြပါကြောင်း၊ အခြားအမွေဆက်ခံ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း နှင့် အခြားမည်သည့် အမွေဆက်ခံကိုတွေ့မသားသမီးမျှမကျန်ရှိပါကြောင်း၊ တိုက်ကြီး ခရိုင် တရားရုံးတွင် ဂျိုရိဆိုသည့်ကျွန်းကျိုရွာ၊ ထောကခံကျွန်းကျိုရွာ(၂)စောင်း သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ဒေါ်သီရိမြတ်နိုး [၁/စခန(နိုင်)၀၇၀၀၁၈]၊ ဦးခန့်စည်သူ[၁/စခန(နိုင်)၀၇၃၇၇]တို့က အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း၊ မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြဖွံ့ဖြိုးမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (၄၀-၁၀)၊ ဦးပိုင်အမှတ်(၅၁)။ ၆၁၄၆၂ကြား။ ၁၃၄၃၁၀၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော (ဖခင်) ဦးလွစ်ခိုန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၇၉၁/၂၀၂၆)ဖြင့် အမွေဆက်ခံ သားသမီးများဖြစ်ကြသော ဦးကျော်လွင်စိုး [၉/ပကခ(နိုင်)၀၀၈၁၀၇]၊ ဒေါ်သွယ်လေးနိုင် [၉/ပကခ(နိုင်)၀၁၅၆၀၉]တို့က အမှုတွဲအမှတ်(၃၅၈၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြဖွံ့ဖြိုးမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (၄၀-၁၀)၊ ဦးပိုင်အမှတ်(၅၁)။ ၆၁၄၆၂ကြား။ ၁၃၄၃၁၀၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော (ဖခင်) ဦးလွစ်ခိုန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၇၉၁/၂၀၂၆)ဖြင့် အမွေဆက်ခံ သားသမီးများဖြစ်ကြသော ဦးကျော်လွင်စိုး [၉/ပကခ(နိုင်)၀၀၈၁၀၇]၊ ဒေါ်သွယ်လေးနိုင် [၉/ပကခ(နိုင်)၀၁၅၆၀၉]တို့က အမှုတွဲအမှတ်(၃၅၈၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြဖွံ့ဖြိုးမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အကွက်အမှတ် (၄၉-၁၃)၊ ဦးပိုင်အမှတ်(၃၄)။ ၆၁၄၆၂ကြား။ ၁၃၄၃၁၀၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျော်ဇင်ရှောက်ယုံ [၁၃/လရန(နိုင်)၀၉၂၀၄၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြဖွံ့ဖြိုးမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၁)ရပ်ကွက်၊ အကွက်အမှတ်(

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၈)၊ မြေပိုင်အမှတ်(၈၂)၊ ၁၁၀ လမ်းကြား၊ ၅၀×၅၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးလှဦး [၁၃/ကမန(နိုင်)၀၂၈၆၄၂] မှ သမီးဖြစ်သူ ခေါ်ဆုမွန်ဦးအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဓင်၊ ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၈)၊ မြေပိုင်အမှတ်(၈၃)၊ ၁၁၀ လမ်း၊ ၅၀×၅၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ မိခင် ခေါ်ဃုံကျိ [၁/ဗမန(နိုင်) ၀၂၄၉၇၅] မှ သမီး ခေါ်ဆုမွန်ဦး သို့ ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဓင်၊ ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၈)၊ မြေပိုင်အမှတ်(၈၄)၊ ၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးလှဦး [၁၃/ကမန(နိုင်)၀၂၈၆၄၂] မှ သမီးဖြစ်သူ ခေါ်ဆုမွန်ဦးအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဓင်၊ ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၈၀)၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ် (၄၈) မြေဧရိယာတွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်မှ တတိယထပ် (၃)လွှာ (ခြေရင်းခန်း)ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၂ ½ ပေ×အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမျိုးကိုကိုဦး [၁၃/တကန(နိုင်)၂၄၆၂၂၈] နှင့် ခေါ်နန်းနွဲလိုင်း [၁၃/မဟတ(နိုင်)၀၃၀၆၇၁]ကိုင်ဆောင်သူတို့မှ တရားဝင် လက်ရှိထားပိုင်ဆိုင်သူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ဖိတ်ဆွေဖြစ်သူ ခေါ်ကေခိုင်ထွန်းမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်စေသက်ဆိုင်သော ဂရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရောင်းခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ သာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ထက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ကေခိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်သူသူမင်း (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၅)
အမှတ် (၄၉)၊ အခန်း (၇-၆)၊ လမ်း (၄၀) အောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ 09-763161255

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂)၊ မာန်ပြေအရှေ့ (၄)လမ်း၊ မြေကွက်အမှတ်-၉၂၉/က၊ အကျယ်အဝန်း (၂၀'×၆၀') ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်၏ (ပထမထပ်) တိုက်ခန်း(၁)ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ခေါ်ခင်ချိုချိုသိမ့် [၁၂/သကတ(နိုင်)၁၅၂၁၁၀] တစ်ဦးတည်းမှ လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ခေါ်ထက်ထက်ဦးဖြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၆၅)
အမှတ်-၅၀၊ (၁၈-အေ)၊ ဘဆ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၈၆၉၂၃၊ ၀၉-၉၅၆၉၄၄၄၅

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြစည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(၁၁၀)၊ ဦးပိုင်အမှတ်(၃၃)၊ ၅၀×၅၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခေါ်ခင်မာကြည် [၉/မနမ(နိုင်)၀၃၇၈၄၃] မှ သမီး ခေါ်ဆုမွန်ဦးအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဓင်၊ ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ်-(၂၂၄၉/က)၊ ဧရိယာ(၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၂၄၉/က)၊ ဧကယူဝတီ(၇)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ခေါ်ဝင်းရီ[၁၂/သကတ(နိုင်)၀၆၆၆၈၄၁]အမည်ပေါက် နှစ်(၆၀)မြောက်ဂရန်မြေဖြစ်သော ခေါ်မာမာလွင်မှ တရားရုံးကြီးမှူးအမှတ်-(၃၄/၂၀၂၆)ဖြင့် ကတိပေးမှာထားသော သာကေတမြို့နယ်၊ တရားရုံးကြီးမှူးအမှတ်(၁၄၀/၂၀၂၅)ဖြင့် ကတိပေးမှာထားသော ဦးမြသင်းကြိုင်မှ တရားလို ပြုလုပ်၍ ခေါ်သူ့ဇာ၊ ခေါ်ခင်ရီတို့အား တရားပြိုင်ထားကာ

ရွှေမှိုက်ထုတ်ခြင်း ဈေးပြိုင်(လေလံ)ခေါ်ယူခြင်း

၁။ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူ ပူဇော်ရေးအတွက် ရွှေမှိုက်နှင့် ရွှေချေးချွတ်ခြင်းလုပ်ငန်းအတွက် ဈေးပြိုင်(လေလံ)စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ဈေးပြိုင်(လေလံ) - ၂၇-၁၁-၂၀၂၆(သောကြာနေ့) ရောင်းချမည့် နေ့ရက်၊ အချိန် နံနက် (၁၀)နာရီ

(ခ) ဈေးပြိုင်(လေလံ)ပိတ်မည့် - ၄-၁၂-၂၀၂၆(သောကြာနေ့) နေ့ရက်/အချိန် မွန်းတည့်(၁၂)နာရီ

(ဂ) ဈေးပြိုင်(လေလံ)ရွှေးချယ်မည့် - ၄-၁၂-၂၀၂၆(သောကြာနေ့) နေ့ရက်/အချိန် ညနေ (၃)နာရီ

၂။ စည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို ရွှေဆံတော်စေတီတော်မြတ်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးတွင် (၂၇-၁၁-၂၀၂၆)ရက်နေ့မှစ၍ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ဖုန်းအမှတ် - ၀၉-၅၀၆၉၁၈၈၊ ၀၉-၅၀၇၉၄၅၂

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၈၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပထမထပ် (၂)လွှာ၊ တိုက်မျက်နှာမူလျှင် (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၁ပေခွဲx ၄၈ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲနိုင် [၁၂/သကတ(နိုင်)၁၉၄၁၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေရီထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဲသဲမာ
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၄၆၀/၂၀၁၇)
LL.B, D.B.L, D.I.L, WIPO (Switzerland)
အမှတ်-၈၂၊ အင်ကြင်းမြိုင်လမ်း၊ (၁၀၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ်- ၀၉-၇၉၉၆၈၁၂၁၇

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်ဆွယ်ပွတ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၆-က)၊ ဦးပိုင်အမှတ်(၄၄/၁၉၃)ခဲစင်း၊ စာတိုက်တန်းလမ်းနှင့် တရုတ်တန်းလမ်းကြား၊ ရိုမန်ကသလစ်ဘုရားကျောင်းအနီးရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်သိဒီအေး [၉/မရမ(နိုင်) ၀၅၅၅၂၄]က အမှုတွဲအမှတ်(၃၅၈၅/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ်(၅၁၇/၂)၊ ဦးပိုင်အမှတ်(၁၁)၊ ရန်-မန်းကားလမ်းအရှေ့ဘက်၊ စက်မှုပန်းခြံလမ်းမြောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးသီ [၉/မမန(နိုင်)၀၀၄၂၂၆]၊ ဦးနေမင်းဦး [၉/အမဇ(နိုင်)၀၁၂၃၅၁]တို့က အမှုတွဲအမှတ်(၃၆၀၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၄)၊ ဦးပိုင်အမှတ်(၈၄)၊ ၇၀x၇၁ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးထွန်းထွန်း [၉/မနတ(နိုင်)၀၀၀၉၅၂]၊ ဒေါ်နွယ်နီဦး [၁၂/လမန(နိုင်)၀၀၂၈၃၂]တို့က အမှုတွဲအမှတ် (၃၅၈၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

